ကြေးမုံ
The Mirror

၁၃၇၀ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (13-7-2008) (၅၇၃၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်တီနီဂရိုးသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဇူလိုင်   ၁၃

၂၀၀၈ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ကျရောက်သည့် မွန်တီနီဂရိုးသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မွန်တီနီဂရိုးသမ္မတနိုင်ငံ သမ္မတ မစ္စတာဖိလစ် ဗူဂျာနိုဗိ(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မွန်တီနီဂရိုးသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဇူလိုင်   ၁၃

၂၀၀၈ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ကျရောက်သည့် မွန်တီနီဂရိုးသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ မွန်တီနီဂရိုးသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီလိုဂျူကာနိုဗိ(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း တည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်၏ ဓနအင်အားကိုသာမက မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းအားနှင့် တီထွင်ကြံဆမှု၊ လူမျိုး၏ကြိုးပမ်းအားထုတ်နိုင်မှု၊ ညီညွတ်မှုတို့ကို မှတ်ကျောက်တင် ပြဆိုလိုက်ခြင်းဖြစ်

မွန်ပြည်နယ်အတွက် ဆင့်မမြောက်တံတားကြီးဖြစ်သော စစ်တောင်းတံတား(မုပ္ပလင်) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော်   ဇူလိုင်   ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၄)က ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်၌ မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ပဲခူးခရိုင် ဝေါမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် စစ်တောင်းမြစ်ကူး စစ်တောင်းတံတား(မုပ္ပလင်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

စစ်တောင်းတံတား (မုပ္ပလင်)ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုနှင့် ဗိုလ်ချုပ်သာအေး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မွန်ပြည်နယ်နှင့်ပဲခူးတိုင်းတို့မှ ပြည်နယ်၊တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သထုံခရိုင်နှင့် ကျိုက်ထိုမြို့နယ်၊ ပဲခူးခရိုင်နှင့် ဝေါမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တံတားအထူးအဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာ၊ပန်းဖွားအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တောင်းတံတား(မုပ္ပလင်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

ကြေးမုံ The Mirror

၁၃-၇-၂၀၀၈
(တနင်္ဂနွေနေ့)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုးပွား ကျေးလက်ပြည်သူများ အသိပညာမြင့်မား

မြန်မာနိုင်ငံတွင် အချိန်အခါ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး သင်ယူလေ့လာနိုင်စေရန် ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေး နည်းလမ်းများဖြင့် ဖန်တီးဖော်ဆောင် ပေးလျက်ရှိသည်။ ယခုအခါ လူငယ်လူရွယ်များသည် ခေတ်မီဆက်သွယ်ရေး နည်းပညာသစ်များဖြင့် နိုင်ငံတကာ အဆင့်မီပညာရပ်များကို လက်လှမ်းတမီ လွယ်ကူစွာ သင်ယူနိုင်ကြပြီ ဖြစ်သည်။

ထိုနည်းတူ ကျေးလက်နေပြည်သူများ ဗဟုသုတတိုးပွား၊ အသိပညာ မြင့်မားလာစေရေးအတွက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်ပေးလျက်ရှိရာ စာကြည့်တိုက်ပေါင်း ၅၅၄၅၅ တိုက်ကို ထူထောင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ယခုကဲ့သို့ ကျေးလက်ဒေသများတွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားခြင်းဖြင့် ကျေးလက်ပြည်သူများ စာဖတ်သည့် အလေ့အထ ပိုမိုရရှိလာမည်ဖြစ်သည်။ စာပေဖတ်ရှုလိုသူများ၊ သက်ကြီးစာတတ်မြောက်ပြီးသူများ စာဖတ်ရှိန် မြင့်တင်နိုင်ရေးနှင့် စဉ်ဆက်မပြတ် စာပေဖတ်ရှု လေ့လာဆည်းပူးနိုင်ရေး ဝိုင်းဝန်းကူညီကြရမည် ဖြစ်သည်။

တစ်ဖက်မှလည်း ထူထောင်ဖွင့်လှစ်ထားပြီးဖြစ်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ စာကြည့်တိုက်များတွင် ရရှိပြီး စာအုပ်စာစောင်များ စနစ်တကျ ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိရေးအတွက် ငွေပဒေသာပင် စိုက်ထူရေး၊ စာကြည့်တိုက် အဆောက်အအုံမရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံ၊ ပရိဘောဂများ စုံလင်စွာရရှိရေး၊ ကျွမ်းကျင်သည့် စာကြည့်တိုက်မှူးများ ပျိုးထောင်လေ့ကျင့်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက် ကြရမည်ဖြစ်သည်။

စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်လာနိုင်ခြင်းသည် ကျေးလက်ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားမြင့်မားလာရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။ သို့ဖြစ်၍ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ၁၀ရပ်ကွက် နွယ်သာကီလမ်းနေ ဦးကြည်အေး(ဗဟိုဘဏ်ဉက္ကဋ္ဌ၊ ငြိမ်း)- ဒေါ်ခင်ခင်ဆွေတို့၏ အိမ်ထောင်သက် (၄၄)နှစ်ပြည့် အထိမ်းအမှတ်အတွက် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက ရွှေရတု၊ ငွေရတု ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၇၄၄၀၀၀ ကို ပိဋကတစ်ပုံအောင် ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မုန်တိုင်းဒဏ်သင့် ပြည်သူများအားလှူဒါန်းရန် “ရှုဖွယ်စုံလင်မြန်ပြည်တစ်ခွင်” ဓာတ်ပုံပြပွဲပြသမည်

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းက ဦးစီးကျင်းပမည့် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် လှူဒါန်းရန်ရည်ရွယ်၍ **“ရှုဖွယ်စုံလင် မြန်ပြည်တစ်ခွင်”** ဓာတ်ပုံပြပွဲကြီးကို ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဂရင်းမီးရထားဟိုတယ်၌ နာမည်ကျော် ဓာတ်ပုံပညာရှင်များ၏ (၁၂"×၁၈") အရွယ် ဓာတ်ပုံများကိုပြသရောင်းချသွားမည်ဖြစ်သည်။ အဆိုပါပြပွဲကြီး ဖြစ်မြောက်ရေးအတွက် Canon ကုမ္ပဏီမှ ပံ့ပိုးကူညီပြီး ဓာတ်ပုံပြပွဲမှ ရောင်းချ၍ ရသောငွေများကို မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် လှူဒါန်းမည်ဖြစ်ပါသဖြင့် အများပြည်သူများ လာရောက်အားပေးနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ပြည်သူ့ သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စွမ်းအင်ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းနာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရုံးများ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ တက်ရောက်၍ ကသစ်ကြားပင်များကို စိုက်ပျိုးပေးသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကသစ်ကြားပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုများ၊ ယခင်နှစ်များက စိုက်ပျိုးထားသည့် သစ်ပင်များအား မြေဆွပေါင်းသင် မြေတောင်မြှောက်နေမှုများကိုလိုက်လံ ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုး

စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်နယ်မြေဧရိယာအတွင်း သန့်ရှင်းသပ်ရပ် သာယာလှပစေရေးအတွက် ယခင်နှစ်များက ပန်းအလှပင်များ၊ နှစ်ရှည်အရိပ်ရ လေကာပင်များ၊ နှစ်ရှည်သီးပင်၊ စားပင်များ စုစုပေါင်း အပင်ရေ ၃၆၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်၍ ယခု ၂၀၀၈ ခုနှစ် မိုးရာသီအတွင်း ကျွန်း၊ မဟော်ဂနီ၊ မဇ္ဈူသက၊ ကသစ်ကြား၊ ကုက္ကို၊ စိန်ပန်းကြီး၊ ကံ့ကော်၊ ခရေ၊ ပိတောက်၊ သဘော်တယ်၊ မဲဇလီ၊ ငုရွှေ၊ ရေတမာ၊ စွယ်တော်၊ သရက်၊ ပိန္နဲ၊ မန်ကျည်း၊ မဲဇလီ၊ တမာ၊ သစ်ဆိမ့်၊ ကြောင်လျှာ၊ အုန်း၊ ငှက်ပျော စသည့် အပင်မျိုးစုံ စုစုပေါင်း ၅၄၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့ သတ္တမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့၏ သတ္တမအကြိမ်မြောက်ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့ကြေးနှင့် ဝန်ထမ်းထောက်ပံ့ငွေပေးအပ်ပွဲကိုဇူလိုင်၉ရက် နံနက် ၁၀ နာရီတွင် သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်နှင့် ခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးမျိုးသန့် (ငြိမ်း)တို့က အမှာစကားပြောကြားကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ အသုံးပြုရန် မီးစက်တစ်လုံးနှင့် ခရိုင်ရဲတပ်ဖွဲ့ နေ့ကလေးထိန်းကျောင်းဆောက်လုပ်ရန် ငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၏ သားသမီးများဖြစ်သော တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ တက္ကသိုလ်ဝင်တန်း ရိုးရိုးအောင်ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့ကြေးနှင့် ဝန်ထမ်းများ၏ ထောက်ပံ့ကြေးငွေကျပ် ၁၁၄၅၀၀၀၀ ကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (၅၂၇)

ဝါတွင်းသုံးလတရားသင်တန်းနှင့် ဝိနည်းသင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဓမ္မကထိက ဗဟုဇန ဟိတဓရ နယ်လှည့်ဓမ္မကထိက အမှတ်(၄၆)ရပ်ကွက် အောင်ဓမ္မရိပ်သာ ပရိယတ္တိ၊ ပဋိပတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယက ဘဒ္ဒန္တတေဇနိယ ဉာဏ ဆရာတော်သည်(၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့)ဇူလိုင် ၁၇ ရက်မှစ၍ ဝါတွင်းသုံးလ ဥပုသ်နေ့များတွင် တရားသင်တန်းနှင့် တရားအလှူပေး ပို့ချမည်ဖြစ်သည်။

ဝါတွင်း ဥပုသ်နေ့ ညနေ ၃ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၆)ရပ်ကွက် အောင်ဓမ္မရိပ်သာစာသင်တိုက်၌ လည်းကောင်း၊ ဝါဆိုလကွယ်၊ ဝါခေါင်လကွယ်၊ တော်သလင်းလကွယ် ဥပုသ်နေ့ မွန်းလွဲ ၂ နာရီတွင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံ သာသနရက္ခိ ဓမ္မဗိမာန်၌ လည်းကောင်း၊ စနေ၊ တနင်္ဂနွေနေ့များ၌ ညနေ ၃ နာရီတွင် လူပုဂ္ဂိုလ်များအား လည်းကောင်း တရားသင်တန်းပို့ချပြီး နေ့စဉ် ရဟန်းသံဃာတော်များကို တရားသင်တန်း၊ ဝိနည်းသင်တန်းများအား အောင်ဓမ္မရိပ်သာကျောင်း၌ ဟောကြားပေးလှူမည်ဖြစ်၍ မည်သူမဆို သင်တန်းတက်ရောက်နိုင်ကြောင်း သိရှိရသည်။ (က-ပ)

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)အမှတ်(၁၄)ထွက်ပြီ

ရန်ကုန် ဇူလိုင် ၁၂

ကရကဋ်ရာသီ ဝါဆိုလ၏ ပုန်းညက်ပန်းများ ဖူးပွင့်မှုနှင့်အတူ ကျေးလက်ဒေသနေ တောင်သူလယ်သမားတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာကို ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၅) အမှတ်(၁၄)ကို ဇူလိုင် ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် သီးနှံမျိုးပြောင်းလဲခြင်း၊ သွေးသစ်လောင်းခြင်း အကျိုးရလဒ်၊ စပါးထွက်ကောင်းလိုလျှင် ပျိုးခင်းစနစ်တကျပြင်၊ ဈေးကွက်ဝင် ပြောင်းဖူးစိုက်ပျိုးရေး၊ ဂန္ဓမာစိုက်ပျိုးဝင်ငွေတိုး စသည့် စိုက်ပျိုးရေး ဆောင်းပါးများ၊ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် နွားနောက်မွေးမြူရေးသို့၊ ကျွဲ၊ နွား နှာစေးချောင်းဆိုး ရောဂါအတွက် ဆေးစွမ်းကောင်းတစ်လက်၊ မြန်မာ့ခိုင်းနွား စသည့် မွေးမြူရေးဆောင်းပါးများ၊ အဘိုးအိုတို့၏ ဒုက္ခဝေဒနာများ၊ စိတ်ကျန်းမာရေး၊ ဓာတ်မတည့်ခြင်း သို့မဟုတ်အင်ပျဉ်နာ၊ ဆေးစွမ်းထက်သည့် ရဲယိုသီး၊ ကြက်သွန်ဖြူကို ဆေးလိုသုံး စသည့် ကျန်းမာရေး ပညာပေး ဆောင်းပါးများ၊ ရိုးသားဖြောင့်မတ်ခြင်း၊ အကျိုးပြုနေသော ယောနယ်က ရေရဟတ်စက်များ၊ မှတ်ဉာဏ်ကောင်းဖို့ အာဟာရဖြည့်စို့၊ ကျွန်တော်ဖေဖေနဲ့ ရွှေဒင်္ဂါးရှစ်ပြား စသည့် အသိပညာပေး သုတဆောင်းပါးတို့အပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာအုပ်ဆိုင်တို့၌ တစ်စောင်လျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပြီး ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၂၈)ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငဝန်တံတား(မြို့ကွင်း)စီမံကိန်းနှင့် ရေဘေးကာကွယ်ရေးတာများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် ဟင်္သာတမြို့နယ် ငဝန်တံတား (မြို့ကွင်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တံတားတည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ဟင်္သာတမြို့နယ် ငဝန်တံတား (မြို့ကွင်း)တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ငဝန်တံတားသည်ကြိုတင်အင်အားဖြည့် သံကူကွန်ကရစ် ရက်မ၊ သံပေါင်၊ သံကူကွန်ကရစ် တံတား အမျိုးအစားဖြစ်ပြီး တံတားအရှည် ၂၈၃၅ ပေ၊ တံတားအကျယ် ၃၄ပေ တံတားခံနိုင်ဝန်တန် ၆၀ ရှိပြီး ယခုအခါ ပင်မတံတား ၉၀ ရာခိုင်နှုန်းနှင့် ချဉ်းကပ်တံတား ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်ဟင်္သာတမြို့နယ် ငဝန်မြစ်တာ(ကွင်းကောက်) ရေကင်းအမှတ်(၂)သို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းရွှေက ငဝန်မြစ်ရေ စီးဆင်းမှု၊ ဟင်္သာတခရိုင် ရေဘေးကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့ ဦးပါရဲပတ်တာသို့ ရောက်ရှိပြီး ပတ်တာ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ တာများ ကြံ့ခိုင်မှု အခြေအနေကောင်းမွန်ရေး အတွက် သက်ဆိုင်ရာဌာနများအား လိုအပ်သည်များကိုမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့ ပြည်လုံးကပ်ကျော် ဦးပါရဲစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအားပန်း၊ ဆီမီး၊ ရေချမ်းနှင့် အမွှေးနံ့သာတိုင်တို့ဖြင့် ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက်ဗိုလ်ချုပ်ကိုကို၊တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့ ဦးမိုးလေးတာသို့ ရောက်ရှိပြီး တာကြံ့ခိုင်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဇလွန်မြို့ ဆန်တန်းရပ်ကွက် ဆန်တန်းတာ ရေကင်းအမှတ်(၃)သို့ ရောက်ရှိရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစောအောင်လွင်က ဇလွန်ဆိပ်ကမ်းရှေ့မြစ်ကမ်းပါးအခြေအနေ၊ ဇလွန်မြို့အနီး ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းမှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဟင်္သာတခရိုင် ဆည်မြောင်းဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းရွှေက ရေလွှဲတန်း၊ နှန်းဖမ်းတန်းနှင့် ကမ်းထိန်းငုတ်တန်းရိုက်ခြင်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည်ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးသို့သွားရောက်၍ရွှေသင်္ကန်းကပ်လှူပြီး ဘုရားကြီးဘက်စုံမွမ်းမံပြုပြင်ရေးအတွက် အလှူငွေများကို ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုက ဧည့်သည်တော်မှတ်တမ်းတွင်လက်မှတ်ရေးထိုးပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များကို ကပ်လှူထွန်းညှိပူဇော်ကာ ဘုရားကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ဗိုလ်ချုပ်ကိုကို၊တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဓနုဖြူမြို့နယ် ကဇင်းတောကျေးရွာသို့ ရောက်ရှိပြီး တောင်သူ ဦးညွန့်မောင်၏ ၂ ဒသမ ၁၇ဧက စပါးစိုက်ကွင်း၌ ကျင်းပသော တစ်မိုးနှစ်သီး ပထမစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက်ဗိုလ်ချုပ်ကိုကို၊တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဓနုဖြူမြို့နယ် ကဇင်းတောကျေးရွာရှိ ဓနုဖြူမြို့နယ် ရေကင်းအမှတ်(၄)တွင်ရေဘေးအန္တရာယ်ကာကွယ်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်ကိုကိုက ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတက်ညီလက်ညီ ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအားမှာကြားသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ မုန်တိုင်းသင့် ပြည်သူများအတွက် အလှူရှင် မျိုးချစ်(မိသားစု) စက်ပစ္စည်းဆိုင်နှင့် တံ့ပွာစက်ပစ္စည်းဆိုင် (တောင်ကြီးမြို့) တို့က ငွေကျပ် ၄၈၃ သိန်း တန်ဖိုးရှိ လက်တွန်းလယ်ထွန်စက်အစီး ၂၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက် စောင်းတန်းအတွက် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဘူတာရုံလမ်းနေ နှစ်ဖက်သော မိဘတို့အား အမှူးထား၍ ဦးမောင်ကို၊ ဒေါ်ခင်ကြည်၊ မြေးသမီး မခင်ရွှေရည်ဝင်းသန့် မိသားစုက အလှူငွေကျပ် ၂၀၅၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်အေး၊ ဦးဟံညွန့်နှင့် ဦးသန်းလွင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

မုန်တိုင်းသင့် ပြည်သူများအတွက် လက်တွန်းထွန်စက်များ၊ ရေနံဆီ၊ ဒီဇယ်ဆီ မီးဖိုများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၂

မုန်တိုင်းသင့် ပြည်သူများအတွက် အလှူရှင် မျိုးချစ်(မိသားစု) စက်ပစ္စည်းဆိုင်နှင့် တံ့ပွာစက်ပစ္စည်းဆိုင် (တောင်ကြီးမြို့) တို့က ငွေကျပ် ၄၈၃ သိန်း တန်ဖိုးရှိ ထွန်ယက်စက်ကိရိယာပစ္စည်းအစုံလက်တွန်းထွန်စက် အစီး ၂၀ တို့ကို ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ အလှူငွေနှင့်ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ လာရောက်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူးလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အလားတူ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့်ဝန်ထမ်းမိသားစုများက လေဘေးသင့်ပြည်သူများ အတွက် စတုတ္ထအကြိမ် အဖြစ် ငွေကျပ် သိန်း ၃၀၀ တန်ဖိုးရှိ ရေနံဆီ၊ ဒီဇယ်ဆီ မီးဖိုအလုံး ၂၀၀၀တို့ကို လာရောက်လှူဒါန်းကြရာလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါလက်တွန်းထွန်စက်များနှင့် ရေနံဆီ၊ ဒီဇယ်ဆီ မီးဖိုတို့ကို လေဘေးသင့်ဒေသရှိ ပြည်သူများသို့ အမြန်ဆုံးပို့ဆောင် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါး နှိမ်နင်းရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၁ ရက်က ဒေါပုံမြို့နယ် အထက(၁)ကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အမှတ်(၄) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးခင်မောင်က ယာဉ်မတော်တဆမှု အန္တရာယ်ကင်းဝေးရေးယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့်မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးများကို ပညာပေးဟောပြောပို့ချစဉ်။ (ကြေးမုံ)

ဇူလိုင် ၁၁ရက်က ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ မုန်တိုင်းသင့် ပြည်သူများအတွက် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် ၆၀ သူရတပ်ခွဲမှ ကျောင်းဆင်း အရာရှိများက (၂၇)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် အဖြစ် အလှူငွေ ကျပ်ခုနစ်သိန်းကို ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ရောင်လေဝေးဝေး မူးယစ်ဆေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး လူငယ်ရေးရာတာဝန်ခံ ဦးသိန်းဇော် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး သွားရောက်ကူညီဆောင်ရွက်ကြမည့် ပြည်နယ်/တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဇူလိုင် ၁၂

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် သွားရောက်ကူညီဆောင်ရွက်ကြမည့် ပြည်နယ်/တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး ခန်းမဆောင်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး လူငယ်ရေးရာတာဝန်ခံ ဦးသိန်းဇော်က တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံမှာကြားသည့်အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းသို့ သွားရောက်ကြမည့် ပြည်နယ်/တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး လူငယ်ရေးရာတာဝန်ခံ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် အသင်းဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး လူငယ်ရေးရာတာဝန်ခံ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(လူငယ်) အသင်းဝင်များ ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု မှတ်တမ်းတင်ဓာတ်ပုံများနှင့် လေဘေးသင့်ဒေသများသို့ သွားရောက်ကြမည့် အသင်းဝင်များ ယူဆောင်သွားမည့်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ပြည်နယ်/တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် အဖွဲ့ ၁၂ ဖွဲ့ခွဲပြီး ဧရာဝတီတိုင်း လေဘေးသင့်ဒေသများဖြစ်သည့် ဒေးဒရဲမြို့နယ်အတွင်းရှိ တိုးရွာနှင့် ကံျုဒါးရွာ၊ ငပုတောမြို့နယ် ပြင်ခရိုင်ရှိ အုတ်တွင်းရွာ၊ လပွတ္တာမြို့နယ်အတွင်းရှိ ပြင်စလူရွာ၊ သယ်န်းကြီးရွာ၊ စလူဆိပ်ရွာ၊ တယ်ပင်ကိုင်းရွာနှင့် ကွင်းပေါက်ရွာ၊ ဘိုကလေးမြို့နယ်အတွင်းရှိ လှိုင်းဘုန်းရွာ၊ ကြိမ်ချောင်းကြီးရွာနှင့် စက်ဆန်းရွာ၊ ဖျာပုံမြို့နယ်ရှိ ကဒုံကနီရွာများတွင် အခြေပြု၍ ပတ်ဝန်းကျင်ဒေသရှိ လေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ပါဝင်ကူညီဆောင်ရွက်ကြမည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ သွားလာနေထိုင် စားသောက်ရေးအတွက် စရိတ်စက အဝဝနှင့် အိုးခွက်၊ ပန်းကန်များ၊ စားနပ်ရိက္ခာအပြည့်အစုံ၊ နေထိုင်ရေးအတွက် ရွက်ဖျင်တဲ အလုံအလောက်၊ ရှေးဦးသူနာပြုသေတ္တာ၊ ငါးမန်းလွှ၊ ပေါက်ပြား၊ ဂေါ်ပြား၊ ဓား၊ တူ၊ တူရွင်း၊ အိမ်ရိုက်သံမျိုးစုံ၊ သွပ်နန်းကြိုး၊ ပလာယာ၊ ပဲ့ထောင်လှေ၊ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ အင်ဂျင်ဝိုင်၊ စခန်းသုံး အထောက်အကူပစ္စည်းများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်က ပြည့်စုံစွာ တာဝန်ယူဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး လူငယ်ရေးရာတာဝန်ခံ ဦးသိန်းဇော် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းများတွင် သွားရောက်ကူညီ ဆောင်ရွက်ကြမည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ယူဆောင်သွားမည့် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းများတွင် သွားရောက်ကူညီဆောင်ရွက်ကြမည့် ပြည်နယ်/တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး ခန်းမဆောင်ရှေ့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာသွားကြစဉ်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၂

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်းကြသော အလှူရှင်များမှာ ZBT Company Limited ကမာရွတ်က ငွေကျပ် ၇၂၁သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က အိမ် ၈၁ လုံးအတွက် အလှူငွေကျပ် ၄၈၆သိန်း၊ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက အိမ် ၇၅လုံးအတွက် ငွေကျပ်သိန်း ၄၅၀၊ ဦးစောမြင့်မောင်နှင့် ဒေါ်တင်နွဲ့ဦး၊ သမီးသီရိရတနာစောတို့က အိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ပြည်ပရှိ မြန်မာသံရုံး၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးများက ငွေကျပ် သုံးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက ငွေကျပ် ၁၈၂၇၀၀၀နှင့် ပြည်ပရှိ မြန်မာသံရုံး၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးများက အမေရိကန်ဒေါ်လာ ၃၂၆၄၃၊ ယူရို ၆၂၉၀၊ စင်ကာပူဒေါ်လာ ၁၅၆၀၊ နိုင်ငံခြားရေးဝန်ကြီးဌာန (ရုံးချုပ်)ရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာတို့ဖြစ်ပြီး ယနေ့လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၁၆၈၀၅၇၀၀၀၊ အမေရိကန်ဒေါ်လာ ၃၂၆၅၃၊ ယူရို ၆၂၉၀ နှင့် စင်ကာပူဒေါ်လာ ၁၅၆၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၇-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁း၃၀	၅။	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် သက်တမ်းရင့်မယ်လိုဒီ**
၁း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁း၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂း၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄း၃၅	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၉။	သံစဉ်များနဲ့ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေး တေးကဗျာ
၆း၃၅	၁၃။	အံ့ဩဖွယ်ရာဆပ်ကပ် ပညာ
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ဒိုးဒိုးဒေါက်ဒေါက် ဘုန်နဲ့ဘောက် အပိုင်း(၁၇)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေး တေးကဗျာ
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ကျန်းမာသုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အဖြူရောင် မြွေမင်းသမီးလေး အပိုင်း(၃၀)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

အာဆီယံ-မြန်မာ-ကုလသမဂ္ဂ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ မုန်တိုင်းသင့် ပြည်သူများအား အထောက်အပံ့ပေးရေးဆိုင်ရာ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ညှိနှိုင်းဆွေးနွေးပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။
(သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအား အထောက်အပံ့ပေးရေးဆိုင်ရာ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

မုန်တိုင်းသင့်ပြည်သူများအား အထောက်အပံ့ပေးရေးဆိုင်ရာ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၁ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချာထရီယမ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ အာဆီယံ-မြန်မာ-ကုလသမဂ္ဂ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Robert Chua Hian Kong၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး Mr.Bishow Parajulli နှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီ တာဝန်ခံများ၊ အလှူရှင်နိုင်ငံများ၊ NGOs, INGOs အဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံ-မြန်မာ-ကုလသမဂ္ဂသုံးပွင့်ဆိုင် ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်သူ၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ အတွင်းရေးမှူး စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Robert Chua Hian Kong နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Mr.Bishow Parajulli တို့က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားကြသည်။ ယင်းနောက် ကုလသမဂ္ဂ လူသားချင်း စာနာမှု အကူအညီပေးရေး ဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (Office for the Coordination of Humanitarian Affairs) (OCHA)မှ Ms. Reiko Niimi က **"Achievements to date"** ခေါင်းစဉ်နှင့် Ms. Lianne Kuppens က **"Highlights of the Myanmar Revised Appeal"** ခေါင်းစဉ်တို့ဖြင့် အသီးသီး ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် ၁၉ နှစ်အောက် ဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

၂၀၀၈ ခုနှစ် (၉) ကြိမ်မြောက် အားကစား ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် ၁၉ နှစ်အောက် လူသစ်တန်းဘောလုံးပြိုင်ပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နှင့် ရွှေညောင်မြို့တို့၌ ဇူလိုင် ၆ ရက်နှင့် ၇ ရက်က ကျင်းပသည်။

ဇူလိုင် ၆ ရက်က တောင်ကြီးမြို့၌ ကျင်းပသည့် ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ် အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဇူလိုင် ၇ ရက်က ရွှေညောင်မြို့၌ ကျင်းပသောပွဲစဉ်တွင် မန္တလေးတိုင်း အသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ ဂိုးမရှိ သရေကျသွားသည်။

ပွဲအပြီးတွင် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း ချီးမြှင့်သည့် တစ်သင်းလျှင် ငွေကျပ်ငါးသောင်းစီကို တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်စွာက လည်းကောင်း၊ ပြည်နယ်အားကစားမှူး ဦးစိုးနိုင်(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)က အကောင်းဆုံးဆုရ စစ်ကိုင်းတိုင်းမှ အောင်ဝေဖြိုးအား ပြိုင်ပွဲကျင်းပရေး ကော်မတီမှ ချီးမြှင့်သည့် ငွေကျပ် ငါးထောင်ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဇူလိုင် ၈ ရက်တွင် တောင်ကြီးမြို့၌ ဆက်လက်ကျင်းပသည့် (က)အုပ်စု ပွဲစဉ်တွင် ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ် အသင်းတို့ ဂိုးမရှိ သရေကျ သွားသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၌ ကျင်းပနေသော(က)အုပ်စု ပွဲစဉ် ခြောက်ပွဲ၊ ကွာတားဖိုင်နယ် လေးပွဲ၊ ဆီမီးဖိုင်နယ်နှစ်ပွဲ၊ တတိယပွဲ တစ်ပွဲနှင့် ဗိုလ်လုပွဲတစ်ပွဲ၊ ရွှေညောင်မြို့၌ ကျင်းပနေသည့် (ခ)အုပ်စု ပွဲစဉ် ခြောက်ပွဲ စုစုပေါင်းပွဲ ၂၀ ကို ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းကပွဲစဉ်အလိုက် တစ်ပွဲလျှင်တစ်သင်း ငွေကျပ်ငါးသောင်းစီဖြင့် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်သိန်း၂၀ကို ချီးမြှင့်လျက်ရှိသည်။ ထို့ပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဘောလုံးအသင်း အောင်နိုင်ရေး အတွက် ငွေကျပ် ၃၇ သိန်းကို ပံ့ပိုး ပေးထားကြောင်း သိရသည်။

(ကြေးမုံ)

မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းပွဲအပြီးတွင် အကောင်းဆုံးဆုရ စစ်ကိုင်းတိုင်းမှ ဂိုးသမားအောင်ဝေဖြိုးအား ပြည်နယ်အားကစားမှူး ဦးစိုးနိုင် (ဒုတိယ ညွှန်ကြားရေးမှူး၊ အား/ကာ) ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။
(ကြေးမုံ)

ရန်ကင်းမဟာဗောဓိ ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိ စာသင်တိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ်(၃၀)မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာပူဇော်ပွဲကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်၊ အဂ္ဂမဟာပဏ္ဍိတ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ အမှူးပြုသော ဝါဆိုသံဃာတော်များနှင့် ပင့်သံဃာတော်တို့အား (၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၉ရက်) ဇူလိုင် ၂၆ ရက်(စနေနေ့) နံနက် ၈ နာရီခွဲတွင် မဟာဗောဓိ ပရိယတ္တိ သာသနာပြု အသင်းမှ ဦးဆောင်၍ ဒါယကာ၊ဒါယိကာမများ စုပေါင်းကာ ဆက်ကပ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ရိပ်သာ ခုနှစ်ရက်စခန်း

ရန်ကုန် ဇူလိုင် ၁၂

အင်းစိန်မြို့နယ် မင်းစေတီလမ်းရှိ ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ရိပ်သာ၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက် တရားစခန်းကို ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

စခန်းပွဲ၌ ကျောင်းတိုက်ပဓာန နာယက၊ ကမ္မဋ္ဌာနာစရိယ၊ မိုးကုတ်နယ်လှည့်ဓမ္မကထိက အရှင်မာလာစာရ (ဓမ္မာစရိယ) အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားဝင်မည့် ယောဂီများသည် ဇူလိုင် ၁၉ ရက် ညနေ အရောက် လာရောက်ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ကျောင်းတိုက် ဖုန်း-၆၄၀၂၆၇ နှင့် ၀၉-၅၀၂ ၆၂၈၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ ဖတ်ကြားစဉ်။
(၆၁)

သူတို့ ဤသို့တီထွင်ခဲ့ကြသည်

နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြု ပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်ပါသည်။

စဉ်	တီထွင်သည့်ပစ္စည်း	တီထွင်သည့်ခုနှစ်	တီထွင်သူ	နိုင်ငံသား
၁	လေသင်္ဘော (Airship)	၁၈၅၂	Giffard	ပြင်သစ်
၂	လျှပ်စစ်ဂဟေဆော်စက်	၁၉၁၉	Thomson	အမေရိကန်
၃	လျှပ်စစ်မော်တော်ကား	၁၈၉၂	Morrison	အမေရိကန်
၄	ဓာတ်ဆီမော်တော်ကား	၁၈၈၉	Daimler	ဂျာမနီ
၅	ဓာတ်ဆီမော်တော်ကား	၁၈၉၂	Duryea	အမေရိကန်
၆	ပလတ်စတစ်အမာ	၁၉၀၇	Baekeland	ဘယ်လ်ဂျီယံ, အမေရိကန်
၇	မိုးပျံပူဖောင်း	၁၇၈၃	Montgolfier	ပြင်သစ်
၈	လေဖိအားတိုင်းကိရိယာ (Barometer)	၁၆၄၃	Torricelli	အီတလီ
၉	ခေတ်မီစက်ဘီး	၁၈၈၅	Starley	အင်္ဂလိပ်
၁၀	အဝေး /အနီးကြည့်မှန်ဘီလူး	၁၇၈၀	Franklin	အမေရိကန်

ဒီမိုကရေစီရေး စေ့စေ့တွေးမိသမျှ

လှိုင်ဘွား (ပါရမီ)

ယနေ့ရုံးမှာ အလုပ်တစ်ခု အပြီးသတ်ရန်ရှိသည်မို့ ယမန်နေ့ကထက် စောစောထ မျက်နှာသစ်၊ ဘုရားဆွမ်းကပ်၊ ရေကပ်၊ ပန်းကပ်၊ ဘုရားရှိခိုး ပြီးသည်နှင့် ရေမချိုး၊ အဝတ်မလဲမီ အသင့်ရောက်ပြီးသော သတင်းစာကို ထိုင်ဖတ်ရင်း နံဘေးအိမ်မှ ဖွင့်ထားသည့် VOA သတင်းကို နားစွင့်မိပါသည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုလိုက်ပြီး ဖြစ်သည်မို့ နေရာပျောက်၊ ခြေရာဖျောက်ရတော့မည့် မရေမရာ အနောက်ကျွန်တို့၏ အသံများက ဆူညံပွက်လောရိုက်နေတော့သည်။ အရေးထဲ မုန်တိုင်း'နာဂစ်'က မြန်မာ့အားမာန်ကို သွေးတိုးစမ်းသလို ဝင်သရမ်းပြန်တော့ ပြုတ်စဗျင်းတောင်း အဖျက်အမှောင့်သမားတို့၏ အသံက ကျက်နေသည့် ဆီအိုးထဲ ရေစက်ချလိုက်သလို တဖျစ်ဖျစ် မြည်လို့မဆုံး ဖြစ်နေတော့သည်။ မည်သို့အော်စေကာမူ အပြုနဲ့အဖျက် အားပြိုင်သည့်ပွဲမှာ တစ်ရက်ပြီးတစ်ရက် နောက်ကောက်ကျနေသည့် တိုင်းဖျက်ပြည်ဖျက်တို့၏ ကျဆုံးခန်းကို ကြည့်ရသည်က ကျွန်တော်တို့ ငယ်စဉ်က ကြည့်ခဲ့ရသည့် ရုပ်ရှင်ထဲမှာ ဇာတ်လိုက်ကျော် ရွှေဘက ဗီလိန်ချီးပူးကို လက်သီးဖြင့် မေးရိုးမှကော်ချလိုက်သည့်ပမာ ကြည့်လို့သာ ကောင်းနေတော့သည်။ ဒီလိုနဲ့ပဲ သတင်းစာကို ယခင်ကထက် ပိုပြီး ဂရုစိုက်ဖတ်မိပါသည်။ သတင်းစာကို လှန်လှောကြည့်ရင်းလည်း ငယ်စဉ်ဘဝက သတင်းစာကို ရက်ကျော်နောက်ကျပြီးမှ ဖတ်ခဲ့ရသော ကာလတွေကို အမှတ်ရမိပါသည်။ အဖေက သတင်းစာ crazy မို့ အဖေ့အတွက် သတင်းစာကို ဖြန့်ဝေသောနေရာအထိ အပြေးအလွှားသွားယူရပါသည်။ အဲဒီတုန်းက ရထားနောက်ကျ၊ ကားပျက်လို့ဆိုသည့် ခေါင်းစဉ်မျိုးတွေနဲ့ မကြာခဏ သတင်းစာမရဘဲ ပြန်လာခဲ့ရပြီး အဖေ့ကို ပြန်ပြော၊ အဖေကစိတ်ဆိုး စသည့်ဖြစ်စဉ်တွေကို ပြန်မြင်ယောင်မိပါသည်။ အခုတော့ ဒါမျိုးတွေ မရှိတော့ပါ။ နေ့စဉ်သတင်းစာကို ပုံမှန်ဖတ်နိုင်ပြီမို့ ကွယ်လွန်သွားပြီဖြစ်သော အဖေ့ကို ခေါ်ပြချင်အောင် ဖြစ်မိပါသည်။ ကွန်ပျူတာစာလုံးများဖြင့် လှပသပ်ရပ်သော သတင်းစာက အဖေ့အကြိုက် ဖြစ်ပေလိမ့်မည်။

သူတို့ရေဒီယိုမှ တစ်အော်တည်းအော်နေကြသည့် ဒီမိုကရေစီ၊ ဒီမိုကရေစီကြားရတော့ ကျွန်တော်တို့ရင်ထဲ မျှော်လင့်မှုနဲ့အတူ စိုးရိမ်စိတ်တွေ ဝင်ခဲ့ရပါသည်။ **အနောက်တိုင်း ရုပ်ရှင်များထဲက ဒီမိုကရေစီကို မြင်တွေ့နေရတော့ သားပျို၊ သမီးပျိုတွေအတွက် စိတ်ပူရပါသည်။ လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်ကို အတိုင်းအဆမရှိ ချဲ့ကားလိုက်ပြီး ဒီမိုကရေစီရပိုင်ခွင့် အမည်တပ် ရှေ့တန်းတင်လိုက်တော့ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းရဲ့ ဒီမိုကရေစီရပိုင်ခွင့်ကို လာပြီး ထိခိုက်ပါတော့သည်။ ဒါကို အကန့် မကန့်နိုင်သရွေ့တော့ မုန့်လုံးစက္ကူကပ်ပြီး ဒီမိုကရေစီစကားလုံးတွေနဲ့ ခလုတ်တိုက်ကုန်ပါလိမ့်မည်။ လူတစ်ဦးချင်းစီရဲ့ ဒီမိုကရေစီရပိုင်ခွင့်နဲ့ အခြားဆက်စပ်နေသူတစ်ဦးရဲ့ ဒီမိုကရေစီရပိုင်ခွင့်၊ ဘယ်လိုကန့်သတ် ပိုင်းခြားကြမှာလဲဆိုတာ သူတို့ ဒီမိုကရေစီဘိုးအေတိုင်းပြည်တွေမှာလဲ အဖြေမထွက်သေးဘဲ တရားရုံးတွေမှာ လုံးချာလည်နေကြပါတော့သည်။ ဤမှာတင် စည်းကမ်းဆိုသော စကားရပ်၊ ဂုဏ်ပုဒ်၊ ကျင့်စဉ်တရားက ဒီမိုကရေစီ၏ အနားကွပ်သဖွယ် ထင်ရှားစွာ နေရာရလာပါတော့သည်။**

ဥပမာပြောရလျှင် အပေါ်ထပ်၊ အောက်ထပ် နေထိုင်ကြသူနှစ်ဦးမှာ မိမိနေအိမ်ကြမ်းခင်းကို သန့်ရှင်းအောင် ရေဆေးလိုသော အပေါ်ထပ်နေသူ၏ ဒီမိုကရေစီရပိုင်ခွင့်နှင့် ထိုသူ၏ ထိုဒီမိုကရေစီရပိုင်ခွင့်ကို အပြည့်အဝ အသုံးချလိုက်သောကြောင့် ရေယိုကျခြင်းဒဏ်ကို ခံစားသွားရသည့် အောက်ထပ်နေသူ၏ ဒီမိုကရေစီအခွင့်အရေး ဆုံးရှုံးမှုကိုလည်းကောင်း၊ အောက်ထပ်တွင်နေသူ၏ စားကောင်းသောက်ဖွယ် စားသောက်ရေး ဒီမိုကရေစီရပိုင်ခွင့်အရ ငရုတ်သီးကြော်လိုက်မှုနှင့် အပေါ်ထပ်မှ ငရုတ်သီးညှော်ခံရသူ၏ ဒီမိုကရေစီအခွင့်အရေးဆုံးရှုံးမှုကိုလည်းကောင်း၊ "စည်းကမ်းသတ်မှတ်ချက်"ဆိုသည့် ကိရိယာမပါဘဲ စာဖတ်သူမည်သူ့ကို အနိုင်ပေးမည်နည်း။ "စည်းကမ်း"ကိုထည့်မတွက်လျှင်တော့ နှစ်ဦးစလုံးကို အနိုင်ပေးရပါလိမ့်မည်။ ထိုအခါ စစ်ပွဲငယ်တစ်ခု စတင်ဖြစ်ပွားလာပါတော့မည်။ ဒုံးဝေးလှသည့် အချို့ပြည်ပအသံလွှင့်ဌာနများ နားလည်နိုင်အောင် အနိမ့်ဆုံးဥပမာပေးခြင်းဖြစ်ပါသည်။ လူတိုင်း လူတိုင်း၏ အတောမသတ်နိုင်သော လိုအင်ဆန္ဒအတွက် ဒီမိုကရေစီဗန်းပြထားသော ရလိုမှုများအတွက်လည်းကောင်း၊ ဒီမိုကရေစီဗန်းပြထားသော ပရမ်းပတာ လုပ်ကိုင်မှုများအတွက်လည်းကောင်း ဘောင်ကွပ် နှုတ်ခမ်းသတ်ရန် လက်နက်ကိရိယာမှာ စည်းကမ်းသာလျှင်ဖြစ်ပါတော့သည်။

လွတ်လပ်လှစွာသော ဒီမိုကရေစီကြောင့် စာသင်ကျောင်းအတွင်း ပစ်ခတ်မှုတွေဖြစ်ပြီး သေကျေကြရသော ကလေးငယ်တွေအကြောင်း ကြားရ မြင်ရသောအခါတွင်လည်းကောင်း၊ စီးပွားရေး ဘီလူးသဘက်ဂျော့ချ်ဆိုရော့ဇ် နှင့် IRI (International Republican Institute) တို့၏ "လူတို့ကြိုက်လျှင် မူးယစ်ဆေးဝါးကို လွတ်လပ်စွာသုံးစွဲခွင့် ပြုသင့်သည်"ဟူသော မူးယစ်ဆေးဝါးဒီမိုကရေစီ တောင်းဆိုမှုများကိုကြားရသောအခါတွင်လည်းကောင်း၊ မိဘကို သားသမီးက သေနတ်ဖြင့် ပစ်ခတ်သည့်သတင်းများ ကြားရသောအခါတွင်လည်းကောင်း၊ အနောက်တိုင်းသတင်းရုပ်ကွက်၊ ရုပ်ရှင်များထဲမှ ကျောင်းဆရာကို ကျောင်းသားက စားပွဲပေါ်ခြေတင်ရင်း ပြန်လှန်ပြောဆိုသည့်ပြကွက်များ၊ ကျောင်းသားကျောင်းသူများ၏ရှေ့မှောက်တွင် ကျောင်းဆရာနှင့်ဆရာမ ဖက်ယမ်းနမ်းရှုပ်ကြသည်ကို ကလေးအရွယ် ကျောင်းသားကျောင်းသူများက လက်ခုပ်တီး အားပေးကြသည့်ပြကွက်များကို မြင်တွေ့ရသော အခါတွင်လည်းကောင်း၊ ရှက်စရာ့ထိတ်လန့်ဖွယ် ထိုဒီမိုကရေစီသည် ကျွန်တော်တို့နိုင်ငံလို ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့် နိုင်ငံမျိုးအတွက်တော့ ကြက်၊ ငှက် တုပ်ကွေးသံသယကာလ ကြက်သား လက်ဆောင်ရသလို ဖြစ်လာပါတော့သည်။ အစားကောင်းရလို့ ဝမ်းသာသော်လည်း ရောဂါက စိတ်မချရဆိုတော့ စားရခက် မစားရခက်၊ ယူရခက် မယူရခက် ဖြစ်ပါတော့သည်။ သို့သော် အဆိပ်အတောက်စွက်သည့် ဒီမိုကရေစီအတွက် ကုရာနတ္ထိမဟုတ်ပါ။ ကျွန်တော်တို့နိုင်ငံမှာ နဂိုရှိပြီး ဖြစ်သည့် ဟီရိဩတ္တပ္ပတရားနှင့် စည်းကမ်းကိုသော်လည်းကောင်း၊ အမျိုးသားအကျိုးစီးပွားကို လိုလားစိတ်တို့ကိုသော်လည်းကောင်း ဖြည့်စွက်သုံးစွဲလိုက်ပါလျှင် အလွန်ပြည့်စုံသော ဒီမိုကရေစီဖြစ်သွားပါလိမ့်မည်။

ဒါတွေပြောနေရတော့ တချို့က သဲလွန်းသည်၊ ပိုလွန်းသည်ဟု ဆိုကောင်းဆိုနိုင်ပါသည်။ ကျွန်တော့်မှာ ရှင်းစရာအသင့်ရှိပါသည်။ ပြီးခဲ့သည့်နှစ်က ဘူတာတစ်ခုမှာ ကျွန်တော်စီးမည့်ရထားကိုစောင့်နေဆဲ အခြားရထားတစ်စီးက စတင်ထွက်ခွာစဉ်ဖြစ်ပါသည်။ ထိုစဉ် လူတစ်ဦး ဘူတာတွင်းသို့ အပြေးအလွှားဝင်ရောက်လာပြီး ရထားထွက်ချိန်နီး၍ သော့ပိတ်ထားသော သံဆန်ခါတံခါးကို သူ့ဟာသူဖွင့်ပါတော့သည်။ မရသည့်အဆုံး သံဆန်ကာကို ကျော်တက်ရန် ကြိုးစားပါတော့သည်။ သူ၏ ရထားမီနိုင်ရေး ဒီမိုကရေစီရပိုင်ခွင့်ကို အသုံးချခြင်းဟု တချို့ကဆိုနိုင်ပါသည်။ ဤမှာပင် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းပြီး ဖျောင်းဖျကြရပါတော့သည်။ ဖြစ်စဉ်ပြီးနောက် ထိုသူက ကျွန်တော်ထိုင်ရာဘေးရှိ ဘူတာစကြံခုံတန်းတွင် ဝင်ထိုင်ရင်း "ဒီနိုင်ငံမှာနေရတာ အဲဒါပဲ၊ မဟုတ်တဲ့နေရာလာပြီး စည်းကမ်းတင်းကျပ်ထားတယ်၊ ခရီးသည်ကိုကူညီလုပ်ကိုင်မပေးဘူးဗျာ၊ ဘူတာကလည်း ခေတ်နောက်ကျလိုက်တာ၊ ကျွန်တော်ရောက်ခဲ့ဖူးတဲ့ နိုင်ငံတွေနဲ့တော့ တခြားစီပဲဗျ။ သူတို့ဆို ဘယ်လောက်တိုးတက်ခေတ်မီလည်း ခင်ဗျားမြင်စေချင်တယ်"ဟု စီးကရက်တစ်လိပ်ကို ဟန်ပါပါ မီးညှိရှိုက်ဖွာရင်းပြောပါသည်။ ကျွန်တော်ကတော့ သူ့စီးကရက်အငွေ့များကို ရှောင်တိမ်းရင်း စကားနည်းရန်စဲသဘောနှင့် "ခင်ဗျားပြောတာလည်းဟုတ်ပါတယ်၊ ဒါပေမယ့် ဘူတာကလည်း ရထားထွက်ချိန်အထိ လူတွေရထားနားမှာရှိနေရင် အန္တရာယ်ဖြစ်မှာစိုးလို့ သံဆန်ခါပိတ်တာနဲ့တူပါတယ်"ဟု ပြောလိုက်ပါသည်။ ထိုပုဂ္ဂိုလ်ကို ကြည့်တော့ ဝတ်ကောင်းစားလှနှင့် သန့်သန့်ပြန့်ပြန့်နှင့် နိုင်ငံခြားကိုသွားဖူးသည်ဆိုရင်လည်း ယုံလောက်စရာ ပုံစံပေါက်ပါသည်။ ဒါပေမယ့် ကျွန်တော်ကတော့ မကြာခင်ကမှ သံဆန်ခါကိုကျော်တက်ရန် ကြိုးစားထားသော သူ့လုပ်ရပ်ကိုမြင်ထားသဖြင့် အထင်ကြီးမှု အားနည်းနေခဲ့ပါသည်။ သို့နှင့် ထိုသူသည် သူ့မကျေနပ်ချက်တွေကို အခြားသူနားထောင်ချင်မှန်းသိမသိ မလေ့လာဘဲ သူတို့ပြောပြောနေသည့် ဒီမိုကရေစီဆန်စွာ ၁၅မိနစ်ခန့် မြည်တွန်တောက်တီးပြီးနောက် ဖွာလက်စစီးကရက်ကို ဗိုးကနဲမြည်အောင် မီးမျှပင်မသတ်ဘဲ ပစ်တောက်လိုက်ပါတော့သည်။ ထိုသူမည်သည့် နိုင်ငံကပြန်လာသည်ကိုတော့ မသိပါ။ သို့ပေမယ့် စည်းကမ်းမဲ့မှုကတော့ စံနမူနာပြ ဖြစ်နေပါတော့သည်။

ထိုသူကိုကြည့်ရင်း အနောက်မျှော် အမျိုးသမီးတစ်ဦး ပြောခဲ့သည့် "ဒီမိုကရေစီလို့ပြောတာနဲ့ တရားမျှတမှုတို့၊ လွတ်လပ်မှုဆိုတဲ့ အခြေခံမူတွေ၊ သဘောတရားတွေ ပါဝင်ပြီးသားဖြစ်တဲ့အတွက် စနစ်တကျစည်းကမ်းရှိတဲ့ ဒီမိုကရေစီတို့ ဘာတို့ဆိုတာ ပြောစရာလိုတယ်လို့မထင်ဘူး" ဆိုသည့်စကားကို ကြားယောင်မိပါသည်။ အဲဒီ "အကုန်ပါပြီးသား" ဆိုတာကြီးကို ကျွန်တော်တို့မြန်မာနိုင်ငံသားစစ်စစ်တွေက စိုးရိမ်တာ ဖြစ်ပါသည်။ ပုံတူကူးချ ဒီမိုကရေစီ မဖြစ်စေရေး ကျွန်တော်တို့ ရှောင်လွှဲလိုပါသည်။

ဒီမိုကရေစီကို လွန်ခဲ့သော နှစ်ပေါင်း (၂၆၀၀)ကျော်က စတင်ကျင့်သုံးခဲ့ကြသည်ဟု ဆိုပါသည်။ ရောမ မြို့ပြနိုင်ငံ၊ စပါတာမြို့ပြနိုင်ငံနှင့် အေသင်မြို့ပြနိုင်ငံတို့၌ ကျင့်သုံးခဲ့ကြသည်ဟု ဆိုပါသည်။ သို့သော် ထိုဒီမိုကရေစီကို ကျေးကျွန်ဘဝရောက်နေသူ တစ်သိန်းခန့်နှင့် ဧည့်နိုင်ငံသား ငါးသောင်းခန့်တို့ ခံစားခွင့်မရခဲ့ပါ။ ဒါလည်း ဘာပဲပြောပြော ဒီမိုကရေစီစနစ်ပဲ ဖြစ်ပါသည်။ ထိုစဉ်ကတော့ ဤမျှလောက် သရုပ်ပျက်ဦးမည်မထင်ပါ။ နောက်ပိုင်းတွင် ငါတို့လုပ်သမျှ အကုန်မှန်သည်ဟု ယူဆကြသော အင်အားကြီးနိုင်ငံအချို့၏ ထင်ရာစိုင်းမှုကြောင့် ဒီမိုကရေစီခမျာမှာ ဇာတ်ပျက်ရပါတော့သည်။

ပြည်သူအများက သူတို့၏ဆန္ဒကို လွတ်လပ်စွာ ဖော်ထုတ်နိုင်ခြင်း **တစ်ခုတည်းကိုသာ အချို့ကလိုရာဆွဲတွေးပြီး ဒီမိုကရေစီဟု ပြောပါသည်။ ဒီမိုကရေစီဟူသည် ပြည်သူ့အကျိုးအတွက် ပြည်သူက တာဝန်ယူဆောင်ရွက်ရသည့် အလွန်မွန်မြတ်သော စနစ်ဖြစ်ပါသည်။ ထို့အတူ စောင့်ထိန်းရမှုများလည်း များစွာရှိသော စနစ်ဖြစ်ပါသည်။ ကတ္တရာလမ်းပေါ်တက် ဆေးရိုးလှန်းသူများနှင့်တော့ မထိုက်တန်ပါ။ မပေးမဖြစ်ပေးရလျှင်လည်း မျိုးစေ့မမှန် ပင်မသန်ဆိုသကဲ့သို့ အသီးအပွင့်များ ခံစားရမည်မဟုတ်ပါ။ စည်းကမ်းရှိသော နိုင်ငံသားများနှင့် ဝိုင်းဝန်းပုံဖော်ဆောင်ရွက်ကြမှသာ ကျွန်တော်တို့ မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်လာမည်ဖြစ်ပါသည်။** စည်းကမ်းရှိရပါမည်၊ အစိုးရကို ဆန့်ကျင်သည့် စကားများပြောတတ်ရုံဖြင့် ဒီမိုကရေစီနှင့် ထိုက်တန်ပါပြီလား။ အုပ်ချုပ်သူ၏ အားနည်းချက်ကို ပုံကြီးချဲ့ အပုပ်ချတတ်ရုံမျှဖြင့် ဒီမိုကရေစီသူရဲကောင်း ဖြစ်နိုင်ပြီလား၊ ဒါကို ကျွန်တော်တို့ပြည်သူတွေက တိုင်းထွာသတ်မှတ်ရပါမည်။ အင်္ကျီတစ်ထည် ကိုယ်ပေါ်၌ လှပတင့်တယ် ပန်ရစေရန်မှာ ချုပ်ပေးသောသူတွင်သာ တာဝန်ရှိသည် မဟုတ်ပါ။ ဝတ်ဆင်သောသူ၏ ခန္ဓာကိုယ်အချိုးအဆက်ကလည်း ပြေပြစ်တင့်တယ်ရပါလိမ့်မည်။ ဖြစ်စဉ်တစ်ခုကို သာဓကပြရလျှင် ဈေးထဲမှာ လမ်းဘေးကျူးကျော်ရောင်းချသည့် ဈေးသည်တွေကို စည်ပင်သာယာဝန်ထမ်းက လိုက်လံတားမြစ်ပါသည်။ ထိုအခါဈေးသည်က အဖမ်းမခံရအောင် ဈေးဗန်းကိုမ,ပြီး ထွက်ပြေးရင်း "ဒီကောင်တွေနဲ့ကတော့ မဖြစ်ပါဘူး၊ မြန်မြန်ဒီမိုကရေစီရမှ ဖြစ်မှာပါ"လို့ ပြောပါသည်။ အမှန်တော့ လူသွားလမ်းပေါ် ဖြန့်ခင်းထားသော သူ့ဈေးဗန်းကို ရှောင်တိမ်းရင်း ထိမိခိုက်မိသူတွေ၊ ချော်လဲကျသူတွေရဲ့ ဒီမိုကရေစီရပိုင်ခွင့်ကိုတော့ သူထည့်တွက်ပုံမရပါ။ ဤလိုလူတွေ အများကြီးရှိနေပါသလား၊ ကျွန်တော်တွေးပြီး စိတ်ပူမိပါသည်။

ဤနေ့ ဤအခြေအနေမျိုး ရောက်သည်အထိ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ကြိုးပမ်းဆောင်ရွက်လာခဲ့ရသော လမ်းခရီးမှာ ရှည်လျားလှပါသည်။ ရှည်လျားသော်လည်း ကြိုးပမ်းမှု ရလဒ်အရှိန်အဝါတို့ဖြင့် သာယာလှပသည့် ဤလမ်းခရီးကို ပြည်သူတို့က ဆက်လက်သာယာလှပအောင် ဆောင်ရွက်ကြရပေဦးမည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံကြီးသား မပီသသော လုပ်ရပ်မျိုး မလုပ်ကြဖို့ လုပ်သောသူများကို လမ်းမှန်တည့်ပေးကြဖို့ လိုမည်ထင်ပါသည်။ ကျွန်တော်တို့နိုင်ငံလို ယခုမှ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကို ဖော်ဆောင်သည့် နိုင်ငံများအနေနှင့် ကျစ်ကျစ်လျစ်လျစ်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်ပေမည်။ ဦးဆောင်မှုကောင်းနောက်မှ တညီတညွတ် လိုက်ရပေလိမ့်မည်။

ကျွန်တော်တို့နိုင်ငံ သမိုင်းကြောင်းကို ပြန်ကြည့်သည့်အခါ စိတ်မကောင်းစရာ ဖြစ်စဉ်တစ်ချို့ကို တွေ့ရပါသည်။ အုပ်ချုပ်ရေးစနစ်အနည်းငယ် ယိမ်းယိုင်သွားသည်နှင့် သူတစ်လူ ငါတစ်မင်း လုပ်ချင်ကြသည့် သဘောတွေ တွေ့ရပါသည်။ အနော်ရထာမင်း တည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီး နရပတိမင်းလက်ထက် အင်အားချည့်နဲ့သွားချိန်တွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✡

အခြားနိုင်ငံမှ ဒီမိုကရေစီကို ပုံတူကူးချခြင်းကတော့ မသင့်လျော်ပါ။ သမိုင်းကြောင်း အစဉ်အလာကြီးမားသော ကျွန်တော်တို့နိုင်ငံ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံက အချို့သောဒီမိုကရေစီ အပြုအမူအမည်ခံ လူမှုရေးဖောက်ပြန်မှု၊ ကျင့်ဝတ်သိက္ခာ ထိပါးမှုတို့ကို လက်မခံပါ။ စည်းကမ်းဘောင်အတွင်းမှ ဖြစ်ရပါမည်။ အစဉ်အလာအရ စည်းကမ်းကြီးမားသော ကျွန်တော်တို့နိုင်ငံကြီးကို ဤမြေမှာနေ၊ ဤရေကိုသောက်၍ ကြီးပြင်းလာကြသူများနှင့် တည်ဆောက်မှသာ စစ်မှန်သော ဒီမိုကရေစီကို ရနိုင်ပါလိမ့်မည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း မွန်တီနီဂရိုး သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၃

၂၀၀၈ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ကျရောက်သည့် မွန်တီနီဂရိုး သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ မွန်တီနီဂရိုး သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမီလန်ရိုဆန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်ရှင်လုပ်ငန်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ မြန်မာ့ရုပ်ရှင်လုပ်ငန်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ အသံခန်းမ၌ကျင်းပရာ ရှေးဦးစွာ မရမ်းကုန်းမြို့နယ် ရတနာ့ဗိမာန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသထံမှ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဇနီး ဒေါ်မာလာဝင်းနှင့် ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြပြီး ရတနာ့ဗိမာန်ကျောင်းတိုက် ဇေယျတုဆရာတော် ဘဒ္ဒန္တကေသရထံမှ အနုမောဒနာတရား နာယူကြကာ ရေစက်သွန်းချအမျှပေးဝေ၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဇူလိုင် ၁၂ ရက်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြစဉ်။ (ဘဏ္ဍာ/အခွန်)

ဟသ်ာတအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၂

ဟသ်ာတအသင်း၏ နှစ်စဉ်ကျင်းပမြဲ ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၄၅)လမ်း ဟသ်ာတအသင်းတိုက်ကိုဖျက်သိမ်း၍ အသစ်ပြန်လည်တည်ဆောက်နေသဖြင့် ၎င်းအသင်းတိုက်၌ ကျင်းပနိုင်ခြင်းမရှိသော်လည်း အလှူဒါနအစဉ်အလာမပျက်စေခြင်းငှာ ယခုနှစ်ဝါဆိုသင်္ကန်းအလှည့်ကျသည့် သာကေတ အတွင်းပတ္တမြားကျောင်းတိုက်သို့ သွားရောက်ကပ်လှူမည်ဖြစ်ကြောင်းသိရှိရသည်။ ဝတ္ထု၊ သင်္ကန်းကပ်လှူလိုသူ အသင်းသူ၊ အသင်းသား စေတနာရှင်များသည် ဇူလိုင် ၂၀ရက်တွင် (၅၁)လမ်း အမှတ်-၁၇၁ ကျားပျံတိုက် ဖုန်း-၂၉၁၃၀၂၊ ၂၉၂၅၃၀သို့ မွန်းလွဲ ၁နာရီတွင် ကြွရောက်ကြပါရန်နှင့် ထိုစုရပ်မှနေ၍ သာကေတ အတွင်းပတ္တမြားကျောင်းတိုက်သို့ သွားရောက်ဆက်ကပ်ကြမည်ဖြစ်သည်။

မလိုက်ပါနိုင်သူများလည်း အထက်ပါလိပ်စာတည်နေရာသို့ ဝတ္ထုပစ္စည်း၊ အလှူငွေများ ကြိုတင်လာရောက်ပေးလှူထားနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✡ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဝိုင်းဝန်းထိန်းသိမ်းဖို့မကြိုးစားဘဲ ကိုယ်စီကိုယ်စီ အုပ်စုငယ်လေးများ ခွဲထွက်ခဲ့ကြပါသည်။ ဘုရင့်နောင်မင်းတရားကြီး တည်ထောင်ခဲ့သော ဒုတိယမြန်မာနိုင်ငံတော်ကြီး နန္ဒဘုရင်လက်ထက် အားနည်းချိန်တွင်လည်း ထိုသို့ပင် တစ်ဗိုလ်တစ်မင်း လုပ်ခဲ့ကြပြန်ပါသည်။ တတိယ မြန်မာနိုင်ငံတော်ကြီးပြိုကွဲ၍ သူ့ကျွန်ဘဝရောက်ပြီး လွတ်လပ်ရေးတိုက်ပွဲဝင်ချိန်တွင်လည်း သဘောထားတွေ ကွဲလွဲခဲ့ပါသည်။ လွတ်လပ်ရေးရပြီး ဒီမိုကရေစီအစိုးရဆိုသည့် ဖဆပလအစိုးရ လက်ထက်တွင်လည်း အကွဲကွဲအပြဲပြဲ ဖြစ်ခဲ့ကြပါသည်။

ဤသင်ခန်းစာများကို ကျွန်တော်တို့ မှတ်သားနိုင်ကြရပါမည်။ **မိမိ၏စွမ်းဆောင်နိုင်မှုအနည်းအကျဉ်းမျှဖြင့် နိုင်ငံနှင့်ချီသော လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်လိမ့်မည်ဟု ထင်မြင်ခြင်းကတော့ စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုဟု အမည်တပ်ရမလိုဖြစ်နေပါသည်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသည့်ရောဂါ ဖြစ်နိုင်ပါသည်။ တချို့ကကျတော့လည်း နိုင်ငံတိုးတက်ဖို့ ဆောင်ရွက်လိုစိတ်မရှိဘဲ အခွင့်အရေး ရလိုရငြား နိုင်ငံရေးလုပ်စားရန်ကြိုးစားရင်း ပြည်သူ့ချဉ်ဖတ်ဘဝကို ရောက်ကြရပါတော့သည်။ နိုင်ငံကြီးသားမပီသသော အဆိုပါ ခပ်ညံ့ညံ့ စိတ်ဓာတ်မျိုးကို ဖျောက်ပစ်မှသာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်လာပြီး ဒီမိုကရေစီအခွင့်အရေးများကို အပြည့်အဝခံစားရပေလိမ့်မည်။ ဒီမိုကရေစီဟူသည် ကိုယ်တိုင်လုပ်ယူရသော အရာတစ်ခုဖြစ်ပါသည်။ ကိုယ့်ကိုယ်ကိုယ် တည်ဆောက်ယူရသော အရာတစ်ခုဖြစ်ပါသည်။ တောင်းတိုင်းရသည့်၊ စိတ်ကူးယဉ်၍ရသည့် အရာမဟုတ်ပါ။ လူသားတစ်ယောက်၏ လိုလားချက်တွေက အမယ်ကြီးကြီးအားဖြင့် ညွှန်းရလျှင် များများစားစား မရှိပါ။ ထိုလိုလားချက်များကို အကောင်အထည်ဖော်မှု ပုံစံကသာ အရေးကြီးပါသည်။ အတ္တနှင့်ပရ မျှတစွာကျင့်သုံးခြင်းဖြင့် လူ့ပတ်ဝန်းကျင်ကို အရောင်လှလှ ဆိုးနိုင်ပါမည်။**

မည်သို့ဆိုစေ **အခြားနိုင်ငံမှ ဒီမိုကရေစီကို ပုံတူကူးချခြင်းကတော့ မသင့်လျော်ပါ။ သမိုင်းကြောင်းအစဉ်အလာ ကြီးမားသော ကျွန်တော်တို့နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံက အချို့သောဒီမိုကရေစီ အပြုအမူအမည်ခံ လူမှုရေးဖောက်ပြန်မှု၊ ကျင့်ဝတ်သိက္ခာ ထိပါးမှုတို့ကို လက်မခံပါ။ စည်းကမ်းဘောင်အတွင်းမှ ဖြစ်ရပါမည်။ အစဉ်အလာအရ စည်းကမ်းကြီးမားသော ကျွန်တော်တို့နိုင်ငံကြီးကို ဤမြေမှာနေ၊ ဤရေကိုသောက်၍ ကြီးပြင်းလာကြသူများနှင့် တည်ဆောက်မှသာ စစ်မှန်သောဒီမိုကရေစီကို ရနိုင်ပါလိမ့်မည်။ သို့မဟုတ်လျှင် သရုပ်ပျက် ဒီမိုကရေစီ၊ တိုက်ပုံနှင့်ဘောင်းဘီတို တွဲဝတ်သော ဒီမိုကရေစီ၊ နားကပ်ပန်ပြီး လွှတ်တော်တက်သည့် အမတ်များကြီးစိုးသော ဒီမိုကရေစီ၊ မောင်နှင့်နှမ၊ သားနှင့်အမိ မကြည့်ရဲလောက်အောင် ပွင့်လင်းသောဒီမိုကရေစီ၊ ထိုထိုသောအလွဲသုံးစား ဒီမိုကရေစီနှင့် ရင်ဆိုင်ရပါလိမ့်မည်။ ဒါကို မြန်မာပြည်တွင်းမှာ သံယောဇဉ်တွယ်စရာတွေ များစွာရှိနေသေးသော ကျွန်တော်တို့ မြန်မာနိုင်ငံသား စစ်စစ်တွေက လက်မခံနိုင်ပါ။ "ပျက်ချင်သလောက် ပျက်၊ ငါ့အမျိုးတွေက နိုင်ငံခြားကိုအကုန်ရောက်နေပြီးသား" ဆိုသူတွေနှင့်တော့ ရောပြီး မမိုက်ဝံ့ပါ။**

ဒီမိုကရေစီကို အပြည့်အဝကျင့်သုံးနိုင်ဖို့ လူတို့၏ ကိုယ်ကျင့်တရားနှင့် အသိစိတ်ဓာတ်ကလည်း အရေးကြီးပါသည်။ ဒါတွေတန်ဖိုးမြင့်တက်လာစေဖို့ လူ့ပတ်ဝန်းကျင်မှာ လူအချင်းချင်းက တဖြည်းဖြည်း ပြုပြင်ဖန်တီးရတာဖြစ်ပါသည်။ ခုရေတွင်းတူး၊ ခု ရေကြည်သောက် ဆိုသလိုတော့ မဖြစ်နိုင်ပါ။ ဤသည်ကို မစောင့်ဆိုင်းဘဲ ချက်ချင်းအသုံး ချမည်ဆိုပါက ဖြစ်လာနိုင်စရာ နမူနာဆိုးများ တစ်ပုံကြီးတွေ့နိုင်ပါသည်။ တကယ်တော့ အချိန်တန်လာပါက မည်သူမျှ တောင်းစရာ၊ ပေးစရာမလိုဘဲ အလိုအလျောက် ဒီမိုကရေစီသဘာဝတို့က နေရာယူလာမှာ ဖြစ်ပါသည်။

ထိုစဉ်မှာပင် လမ်းပေါ်မှ ကားတစ်စီး၏ဟွန်းသံကြောင့် ကျွန်တော့်အတွေးတွေ ပစ္စုပ္ပန်ကာလကို ပြန်ရောက်ခဲ့ပါတော့သည်။ ရုံးအိတ်ကလေးကိုဆွဲရင်း ကားဂိတ်ကိုအသွား ပီကေဝါးရင်း "ဦး ဘယ်နှယ်နာရီထိုးပြီလဲ ဟင်"ဟု မချိုမချဉ်မျက်နှာနှင့် မေးလာသော သမီးအရွယ်ကလေးမလေးနှစ်ဦးကို စိတ်ဆင်းရဲစွာအဖြေပေးရင်း ဘတ်စ်ကားဂိတ်သို့ အရောက် ဖြတ်သွားသောဘတ်စ်ကားတစ်စီးပေါ်မှ ပစ်ချလိုက်သော ကွမ်းတံတွေးထုပ်ကလေးက ကျွန်တော့်အနီးသို့ ဖုတ်ခနဲ နေရာယူလိုက်ပါသည်။ ထိုကွမ်းတံတွေးထုပ်ကို တက်မနင်းမိအောင် ရှောင်လိုက်စဉ်မှာပင် ဝိုးခနဲဖြတ်သွားသော ကားတစ်စီးပေါ်မှ စပယ်ယာနှင့်တူ သူ၏ "အဘိုးကြီး သေချင်နေပြီလား၊ စမောလေးနဲ့မတွဲရဘဲ အကြော ဆွဲပြီးဂန့်သွားမယ်"ဟု မေတ္တာပို့သံ ကြားလိုက်ရပါသည်။ အမှန်မှာတော့ ယာဉ်ကြောလမ်းနှင့် ကျွန်တော်ရှိနေသည့်နေရာမှာ တော်တော်ဝေးပါသည်။ ကလေးမလေးများ၏ လွတ်လပ်ပွင့်လင်းသော ဒီမိုကရေစီ၊ ကွမ်းယာကြိုက်သူ၏ ကွမ်းတံတွေးထုပ်ကလေးကို လွတ်လပ်စွာပစ်ချခွင့် ဒီမိုကရေစီ၊ ဘတ်စ်ကားများ၏ လွတ်လပ်စွာပြိုင်ဆိုင်မောင်းနှင်ကြသော ဒီမိုကရေစီ၊ ယာဉ်နောက်လိုက်ဖြစ်သူ၏ လွတ်လပ်စွာ ပြောဆိုခွင့် ဒီမိုကရေစီ၊ ထိုထိုသော ဒီမိုကရေစီများကြားတွင် ကျွန်တော်၏ အေးချမ်းစွာနေလိုသော ဒီမိုကရေစီ ရပိုင်ခွင့်ကိုတော့ ဘယ်နားရှာရမှန်း မသိတော့ပါ။ ကိုယ့်အခွင့်အရေးရဖို့ တစ်ဖက်သားရဲ့ နစ်နာမှုတွေကို စတေးပစ်သူတွေ၊ သူတို့ကို ဘယ်အတိုင်းအတာအထိ လွတ်လပ်သော ဒီမိုကရေစီရပိုင်ခွင့်တွေ ထပ်ပေးကြရဦးမှာလဲ စသည်ဖြင့် စိုးရိမ်စွာ တွေးမိပါသည်။

ဆန်ညံ့ပြီး အိုးဆုံ့ပေမယ့် ကောင်းလာစရာမရှိသလို ဆန်လှပြီး အိုးကျပ်တော့လည်း ကောင်းမလာနိုင်ပါ။ ဒါကြောင့်ပင် ပုံပျက်ဆိုးရွားလှသည့် ပုံတူကူးချဒီမိုကရေစီကိုရှောင်လွှဲကာ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ"**ကို မြန်မာ့မူ၊ မြန်မာ့ဟန်ဖြင့် ဂုဏ်သိက္ခာရှိစွာ အကောင်အထည်ဖော်ခြင်းအားဖြင့် သူ့အိုးနဲ့သူ့ဆန် ပျံ့နေအောင်ကောင်းပြီး တောက်ပသောအနာဂတ်ကို ပိုင်ဆိုင်ကြပါမည့်အကြောင်း ဒီမိုကရေစီရေး စေ့စေ့တွေးရင်း သတိပေးလိုက်ရပါသည်။ ။

ငါးပါးသီလ ခံယူ

မြန်မာ့ရုပ်ရှင်လုပ်ငန်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဧည့်ပရိသတ်တို့က ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၇-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ အကပြိုင်ပွဲ
- ၈း၀၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂း၀၅ ၅။ **မြန်မာ့ရုပ်ရှင် "ငြိမိသည့်ကြိုး " (ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ ခင်ဇာခြည်ကျော်၊ ရဲသွေး) (ဒါရိုက်တာ-မြင့်အောင်)**
- ၂း၀၅ ၆။ ထူးချွန်အားထားမြန်မာ အမျိုးသမီးများ(အပိုင်း-၂)
- ၂း၂၀ ၇။ **"ဟွန်းသံ" (ရောနှင့် အဖွဲ့) (ဒါရိုက်တာ-သက်တင်)**
- ၂း၃၀ ၈။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
- ၂း၄၅ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အတီးပြိုင်ပွဲ
- ၄း၂၅ ၃။ နှောင်းခေတ်တေးပဒေသာ
- ၄း၄၀ ၄။ အဆိုပြိုင်ပွဲ
- ၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၁၀ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၉။ အကပြိုင်ပွဲ
- ၆း၄၅ ၁၀။ **ကရုဏာသံစဉ် ခရီးစဉ် ရင်မှာပီတိဂွမ်းဆီထိ (အပိုင်း-၄)**
- ၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေးရဲ့ ချစ်ပုံပြင်" (အပိုင်း-၁၃)**
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၄)**
- ၁၆။ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တံတားတည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်မှ စစ်တောင်းတံတား(မုပ္ပလင်)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ယနေ့သည် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းအတွက်သာမက ပြည်ထောင်စုတစ်ဝန်းလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ် တံတားတစ်စင်းဖြစ်သော စစ်တောင်းတံတား(မုပ္ပလင်)ကို အောင်မြင်စွာ ဖွင့်လှစ်လိုက်သည့် မင်္ဂလာနေ့ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်နယ်၊ တိုင်းဒေသအနှံ့၌ လမ်းများ၊ တံတားများကို တည်ဆောက်ခဲ့ရာ ယနေ့ဆိုလျှင် ပြည်ထောင်စုကြီး၏ အရှေ့-အနောက်၊ တောင်-မြောက် သွား၍ လာ၍ ရသော လမ်းကွန်ရက်စနစ် စတင်ဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ ယနေ့ စစ်တောင်းတံတား(မုပ္ပလင်)သည် ဤလမ်းကွန်ရက်စနစ်တွင် အရေးပါသည့် နိုင်ငံတော်၏ ၂၃၅ စင်းမြောက် တံတားသစ်ကြီးဖြစ်ကြောင်း။

မွန်ပြည်နယ်အတွင်းတွင် အထူးစီမံကိန်းတံတားကြီးများအဖြစ် သံဖြူချောင်းတံတား၊ အတ္ထရံတံတား၊ ဒိုသမိတံတား၊ ရေးမြစ်ကူးတံတားတို့အပြင် နိုင်ငံတော်၏ အရှည်လျားဆုံးနှင့် အကြီးမားဆုံးတံတားကြီးဖြစ်သည့် သံလွင်တံတား(မော်လမြိုင်)တို့ကို တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ ဖွင့်လှစ်သည့် စစ်တောင်းတံတား(မုပ္ပလင်)သည် မွန်ပြည်နယ်အတွက် ဆဋ္ဌမမြောက် တံတားကြီးဖြစ်ကြောင်း၊ ဤကဲ့သို့ မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း တည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်၏နေအင်အား အခြေအနေကိုသာမက မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းအားနှင့် တီထွင်ကြံဆမှု၊ လူမျိုး၏ကြိုးပမ်းအားထုတ်နိုင်မှု၊ ညီညွတ်မှုတို့ကို မှတ်ကျောက်တင်ပြဆိုလိုက်ခြင်းဖြစ်ကြောင်း။

ယနေ့ မွန်ပြည်နယ်သည် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝတွင် အရေးပါသည့် ပြည်နယ်တစ်ခုအဖြစ် ရပ်တည်လာနိုင်သော အလားအလာကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ နယ်စပ်ဒေသနှင့် ဆက်စပ်ပြီး ကုန်သွယ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများရှိသကဲ့သို့ စိုက်ပျိုးရေးကဏ္ဍတွင်လည်း ဆန်စပါးဖူလုံရုံသာမက ပိုလျှံသည့် ပြည်နယ်ဖြစ်ကြောင်း၊ အခြားလယ်ယာထုတ်ကုန်များဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံများလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း၊ ရော်ဘာကိုလည်း မွန်ပြည်နယ်သည် ရော်ဘာပြည်နယ် ဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်ဖြင့် တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့စိုက်ရာတွင် နိုင်ငံတော်၏ အားပေးမှုနှင့် ဈေးကွက်အခြေအနေ ကောင်းမှုတို့ကြောင့် ကြီးပွားတိုးတက်အောင်မြင်လာလျက်ရှိကြောင်း။

မွန်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိသည့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့သည်လည်း မွန်ပြည်နယ်နှင့် ယှဉ်တွဲပြီး ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ တစ်ချိန်က လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် နီးလျက်နှင့် ဝေးနေရသည့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့သည် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ခရီးသွားလာရာတွင်ရော၊ ကုန်စည်ပို့ဆောင်ရာ၌ပါ အချိန်တိုအတွင်း ခရီးပေါက်နေပြီဖြစ်ကြောင်း၊ ထို့အပြင် အခြားပြည်နယ်၊တိုင်းများကိုလည်း တည်ဆောက်ပြီးသည့် လမ်း၊ တံတားများကို သုံးပြီး လွယ်ကူလျင်မြန်စွာ ပေါင်းကူးဆက်စပ်သွားလာနိုင်ကြသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း။

ဤနေရာတွင် ယခင်မူလ စစ်တောင်းတံတားသည် ကုန်ချိန်များသော ဝန်လေးယာဉ်များသွားလာရန် မသင့်လျော်တော့သည့်အတွက် တန်ချိန်(၆၀) ဝန်ခံနိုင်အားရှိသော စစ်တောင်းတံတား(မုပ္ပလင်)ကို ယခုကဲ့သို့ သီးခြား

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ စစ်တောင်းတံတား(မုပ္ပလင်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တောင်းတံတား(မုပ္ပလင်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တည်ဆောက်လိုက်နိုင်ခြင်းကြောင့် လမ်းပန်းဆက်သွယ် သွားလာမှုကို ပိုမိုသွက်လက်မြန်ဆန်လာစေမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်ကို ဘက်စုံထောင့်စုံက ပြန်လည်တည်ဆောက်လျက်ရှိကြောင်း၊ ပြည်ထောင်စုကြီး၏ ဒေသတစ်ခုနှင့် တစ်ခုအကြား ကွာဟချက်များ လျော့နည်းကျဆင်းပြီး မျှမျှတတ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ် ခိုင်ခိုင်မာမာပေါ်ပေါက်လာရေးတို့ကို မဆုတ်မနစ် ကြိုးပမ်းအားထုတ် ဖော်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးကလည်း နိုင်ငံတော်သစ် တည်ဆောက်ရေးဆိုသော တိုင်းပြု ပြည်ပြု လုပ်ငန်းကို ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် တိုးတက်အောင်မြင်မှုများရရှိလျက်ရှိကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ တစ်ဖွဲ့တည်းကသာ အစစတာဝန်ယူ တည်ဆောက်နေ၍ မဖြစ်ဘဲ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တို့၏ ပေါင်းစည်း

ညီညွတ်မှုစွမ်းအားကို ရယူပြီး နိုင်ငံတော်
ဟန်ချက်ညီညီ ဦးထမ်း ပဲ့ထမ်း ဆောင်ရွ
ထပ်ဆင့်ရှင်းလင်းတင်ပြရမည်ဆိုလျှင် တို
ရာ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊
အလုန် ချစ်ကြည်ရင်းနှီးစွာ နားလည်မှု
အဓိကအရေးပါသည့် အချက်ဖြစ်ကြောင်း
တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိရေး
နေခြင်းဖြစ်ကြောင်း၊ ယနေ့ပြည်ထောင်စု
ရေးအဆောက်အအုံများ၊ လမ်းပန်းဆက်
ရေးအဆောက်အအုံများ ရင်းနှီးတည်ဆော
စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေ
ခြင်းဖြစ်ကြောင်း။

ထို့ကြောင့်လည်း ယနေ့ တိုင်းရင်း
အခြေအနေများနှင့်မတူ ပိုမိုခိုင်မြဲလာလျ
တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်
တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုး
နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းမှ
အောင်မြင်လာလျက်ရှိကြောင်း၊ ဤကဲ့သို့
ကို ထူထောင်မည့်လုပ်ငန်းအစီအစဉ်များ
လူထုလူတန်းစား အလွှာအသီးသီးပါဝင်
အောင်မြင်မြင် ကျင်းပခဲ့ပြီး နိုင်ငံတော်ဖွဲ့
အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်
တစ်ဆင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူ
တစ်ဆင့်ပြီးတစ်ဆင့် လုပ်ကိုင်ဆောင်ရွက်
ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ပြီးခဲ့သော
ကျင်းပခဲ့ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူ
တစ်ခဲနက် ပြည်ထောင်စုသမ္မတမြန်မာနိုင်
အတည်ပြုပေးခဲ့ပေးပြီး ဖြစ်ကြောင်း။

ဤသည်မှာ တိုင်းရင်းသားပြည်
ကံကြမ္မာကို မိမိတို့ကိုယ်ပိုင် လွတ်လွတ်လ
ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် တိုင်းပြု
အာမခံနိုင်မည့် အခြေခံအုတ်မြစ်ကြီးကို ညီ
ချမှတ်လိုက်ခြင်းဖြစ်ကြောင်း၊ နောင် ရှေ့
လုပ်ငန်းအစီအစဉ်များကိုလည်း နိုင်ငံတေ
တို့၏ ညီညွတ်မှုအင်အားဖြင့်ပင် ဆ
ဖြစ်ကြောင်း။

ဤသို့သော အခြေအနေ အချိ
ဖိအားပေးမှုမျိုးစုံနှင့် နိုင်ငံတော်ရှေ့ဆက်
အောင် ကြိုးပမ်းအားထုတ်မှုများသည် စိ
ဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ ပြည်ထော
အမျိုးကိုထိလျှင် မခံသည့် မျိုးချစ်စိတ်ဓ
ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်သည့်
နိုင်ငံတော် ဖြစ်ပေါ်အောင် ဆက်လက်ကြ
ပင် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသ
စစ်တောင်းတံတား(မုပ္ပလင်) အပါအဝင်
များကို သားစဉ်မြေးဆက် အဆက်ဆ
အောင်၊ တည်တံ့အောင် ဝိုင်းဝန်းထိန်း
ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း

မွန်ပြည်နယ် သထုံခရိုင် ကျိုက်
ခရိုင် ဝေါမြို့နယ်တို့ကို ဆက်သွယ်တည
မြစ်ကူး စစ်တောင်းတံတား(မုပ္ပလင်

ညီညွတ်မှုစွမ်းအားကို ရယူပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် ဟန်ချက်ညီညီ ဦးထမ်း ပဲ့ထမ်း ဆောင်ရွက်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ထပ်ဆင့်ရှင်းလင်းတင်ပြရမည်ဆိုလျှင် တိုင်းသစ် ပြည်သစ်ကို တည်ဆောက်ရာ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးစွာ နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ရေးသည် အဓိကအရေးပါသည့် အချက်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိရေးအတွက် အလေးပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယနေ့ပြည်ထောင်စုကြီး၏ နယ်မြေအနှံ့အပြား၌ စီးပွားရေးအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေးအဆောက်အအုံများ၊ လူမှုရေးအဆောက်အအုံများ ရင်းနှီးတည်ဆောက်ပေးရာတွင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့်လည်း ယနေ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် ယခင်အခြေအနေများနှင့်မတူ ပိုမိုခိုင်မြဲလာလျက်ရှိကြောင်း၊ နိုင်ငံတော်၌ယခုကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲလာသည်နှင့်အမျှ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် ပိုမိုကျယ်ပြန့်ခိုင်မာလာပြီး နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများသည်လည်း အရှိန်အဟုန်ဖြင့် အောင်မြင်လာလျက်ရှိကြောင်း၊ ဤကဲ့သို့အခြေအနေမျိုးတွင် နိုင်ငံတော်သစ်ကို ထူထောင်မည့်လုပ်ငန်းအစီအစဉ်များကို ချမှတ်ပြီး တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစား အလွှာအသီးသီးပါဝင်သည့် အမျိုးသားညီလာခံကို အောင်အောင်မြင်မြင် ကျင်းပခဲ့ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ရယူခဲ့ခြင်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလုပ်ငန်း အစီအစဉ်များအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ရာတွင် စတုတ္ထအဆင့်ဖြစ်သည့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ပြီးခဲ့သော မေလအတွင်းတွင် အောင်မြင်စွာ ကျင်းပခဲ့ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တိုင်းရင်းသားပြည်သူများက တစ်ခဲနက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပေးခဲ့ပေးပြီး ဖြစ်ကြောင်း။

ဤသည်မှာ တိုင်းရင်းသားပြည်သူများက မိမိနိုင်ငံ၏ အနာဂတ်ကံကြမ္မာကို မိမိတို့ကိုယ်ပိုင် လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပြဋ္ဌာန်းလိုက်ခြင်းပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် တိုင်းပြည်၏ အနာဂတ်ခိုင်မာရေးအတွက် အာမခံနိုင်မည့် အခြေခံအုတ်မြစ်ကြီးကို ညီညီညွတ်ညွတ် တစ်ခဲနက် ဝိုင်းဝန်းချမှတ်လိုက်ခြင်းဖြစ်ကြောင်း၊ နောင် ရှေ့ဆက် အကောင်အထည်ဖော်ရမည့် လုပ်ငန်းအစီအစဉ်များကိုလည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်မှုအင်အားဖြင့်ပင် ဆက်လက်ဖော်ဆောင်သွားကြရမည် ဖြစ်ကြောင်း။

ဤသို့သော အခြေအနေ အချိန်အခါမျိုးတွင် ပြည်ပစွက်ဖက်မှု၊ ဖိအားပေးမှုမျိုးစုံနှင့် နိုင်ငံတော်ရှေ့ဆက်သွားရမည့် ခရီးစဉ်ကို ပျက်ပြားအောင် ကြိုးပမ်းအားထုတ်မှုများသည် စိတ်မချမ်းမြေ့ဖွယ်ရာ တည်ရှိနေဆဲဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုကြီးကို မြတ်နိုးသည့်စိတ်ဓာတ်၊ အမျိုးကိုထိလျှင် မခံသည့် မျိုးချစ်စိတ်ဓာတ်များကို အရင်းခံကာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်အောင် ဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြရမည်ပင် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ ဖွင့်လှစ်လိုက်သည့် စစ်တောင်းတံတား(မုပ္ပလင်) အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သားစဉ်မြေးဆက် အဆက်ဆက်ထိ လက်ဆင့်ကမ်း အသုံးပြုနိုင်အောင်၊ တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်၊ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ပန်ဆင် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍစုံတို့၌ လိုအပ်ချက်များကို မျက်ခြည်မပြတ် လေ့လာဆန်းစစ်၍ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

လက်ရှိ အသုံးပြုလျက်ရှိသည့် စစ်တောင်းတံတား (သိမ်ဇရပ်)မှာ သက်တမ်းကြာရှည်နေပြီဖြစ်သည့် တံတားတစ်စင်းဖြစ်ကြောင်း။

စစ်တောင်းတံတား (သိမ်ဇရပ်)၏ မော်တော်ကားလမ်းသည်လည်း သံပေါင်အစွန်းထွက် ရက်မများပေါ်တွင် တည်ဆောက်ထားရာ ဝန်လေးယာဉ်ကြီးများ ဖြတ်သန်းရန် မသင့်လျော်တော့သည့်အတွက် ယခုအခါ ဝန်လေးယာဉ်ကြီးများကို ရထားလမ်းပေါ်၌ ရထားတစ်လှည့်၊ ကားများတစ်လှည့်စီ ဖြတ်သန်းနေရကြောင်း။

သို့ဖြစ်၍ လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့ မြန်ဆန်လာစေရန်အတွက် စစ်တောင်းမြစ်ကူးတံတား အသစ်တစ်စင်း တည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုခဲ့ကြောင်း၊ စစ်တောင်းတံတား (မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်းကို တံတားအထူးအဖွဲ့(၄)က (၂၆-၁-၂၀၀၅) ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ လမ်း၊ တံတားများကို ကွန်ရက်ပုံစနစ်ဖြင့် နိုင်ငံတစ်ဝန်း တည်ဆောက်ပေးနေခြင်းမှာ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားလူမျိုးများအားလုံး၏ လူမှုရေးဘဝ၊ စီးပွားရေးဘဝ တိုးတက်မြင့်မားပြီး ဒေသအားလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အထောက်အကူပြုရန်ဆိုသည့် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သော ရည်မှန်းချက်များပင် ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မွန်ပြည်နယ်၌ စီမံကိန်းဝင် တံတားကြီးများကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု စစ်တောင်းတံတား(မုပ္ပလင်)သည် မွန်ပြည်နယ်အတွက် ခြောက်စင်းမြောက် စီမံကိန်းဝင် တံတားကြီးဖြစ်ကြောင်း။

မွန်ပြည်နယ်အတွက် အလွန်အရေးပါလှသော စစ်တောင်းတံတား (မုပ္ပလင်)ကို တည်ဆောက်ရန်လမ်းညွှန်ခဲ့သော နိုင်ငံတော်အကြီးအကဲအားလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တံတားအထူးအဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ အဘက်ဘက်မှ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသည့် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား လည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် တစ်နိုင်ငံလုံး၌ ဤတံတားကြီးအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၂၁၅ စင်းကို တည်ဆောက် ဖွင့်လှစ်ပေးပြီး ဖြစ်ကြောင်း။

လက်ရှိ အသုံးပြုနေသည့် စစ်တောင်းတံတားသည် သက်တမ်း (၄၅)နှစ်ကျော် ကြာမြင့်လာခြင်းနှင့် Cantilever အစွန်းထွက်ရက်မ အသုံးပြုထားခြင်းကြောင့် ယာဉ်နှင့်ကုန် ၁၆ တန်ကိုသာ ဖြတ်သန်းခွင့်ပြုနိုင်သည့် တံတားဖြစ်ကြောင်း။

ထိုကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စစ်တောင်းတံတား (မုပ္ပလင်)ကို တည်ဆောက်ပြီး ယနေ့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားပြီး တံတားသစ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံ ပြည်သူတစ်ဦးဖြစ်သည့် ကျိုက်ထိုမြို့နယ် စစ်တောင်းကျေးရွာမှ ဦးတင်လှိုင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူ ပြုသွားမည့် စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက် ဖွင့်လှစ်ပေးခြင်းအတွက် ဒေသခံပြည်သူများ၏ ကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်မည့် နေရာသို့ သွားရောက်နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က စစ်တောင်းတံတား(မုပ္ပလင်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တောင်းတံတား (မုပ္ပလင်) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ စစ်တောင်းတံတား(မုပ္ပလင်)ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ပဲခူးခရိုင် ဝေါမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် စစ်တောင်းမြစ်ကူး စစ်တောင်းတံတား(မုပ္ပလင်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

❁ စာမျက်နှာ ၉ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားအထူးအဖွဲ့(၄)မှ အင်ဂျင်နီယာများ၊ ဒေသခံများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စစ်တောင်းတံတား(မုပ္ပလင်) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးများနှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တောင်းတံတား(မုပ္ပလင်)ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်မှ စစ်တောင်းတံတား(မုပ္ပလင်)ကို ကြည့်ရှုကြရာ ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

စစ်တောင်းတံတား(မုပ္ပလင်)ကို လက်ရှိ စစ်တောင်းတံတား (သိမ်ဇရပ်)၏ ရေစုန်ဘက်(၄)မိုင်ခန့်အကွာ၌ တည်ဆောက်ထားခြင်းဖြစ်သည်။

ပင်မတံတားမှာ သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ၁၃၆၅ ပေ ရှိသည်။

ချဉ်းကပ်တံတားများအနေဖြင့် ကျိုက်ထိုဘက်ကမ်း၌ ၂၄၄ဒသမ ၁ပေ၊ ဝေါဘက်ကမ်း၌ ၇၈၃ ဒသမ ၆ပေရှိပြီး သံကူကွန်ကရစ် ချဉ်းကပ်တံတားများဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၂၃၉၂ ဒသမ ၇ ပေ ရှိသည်။

တံတား၏ မော်တော်ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။

တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ်မှာ ၂၉၅ ပေနှင့် အမြင့်ပေ ၂၀ ရှိသည်။

စစ်တောင်းတံတား(မုပ္ပလင်)မှာ ယာဉ်တစ်စီးချင်းခွင့်ပြုတန်(၆၀)ခံနိုင်ဝန်ရှိသည့် တံတားဖြစ်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးအတွက် ၂၀၀၈ ခုနှစ် စတုတ္ထပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် စတုတ္ထပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးအတွက် ၂၀၀၈ ခုနှစ် စတုတ္ထပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် စတုတ္ထပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က စိန်ပန်းပင်ကို လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ခရေပင်ကို လည်းကောင်း စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး လျှိုပိတ်ဆည်များအတွင်း ရေဝင်ရောက်မှု၊ ငါးမွေးမြူထားရှိမှုနှင့် ရာသီ သီးနှံပင်များ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယနေ့ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် စတုတ္ထပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် မဲဇလီ၊သစ်ဆိမ့်၊မဟော်ဂနီ၊ ကုက္ကို၊ပိတောက်၊မန်ကျည်း၊ စိန်ပန်း၊ခရေ၊ ကျွန်းနှင့် စွယ်တော် စသည့်အပင်များကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ အပင်ပေါင်း ၂၀၀၊ နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ အပင်ပေါင်း ၁၆၀၀၊ နေပြည်တော်တပ်ကုန်းရှိ နေပြည်တော်သတင်းစာတိုက်၌ အပင်ပေါင်း ၆၈၅ ပင်၊ နေပြည်တော်တပ်ကုန်းရှိ နေပြည်တော်ပုံနှိပ်စက်ရုံ၌ အပင်ပေါင်း ၄၅၀ စုစုပေါင်း ပျိုးပင် ၂၉၃၅ပင်တို့ကို စိုက်ပျိုးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးအတွက် မြေလွတ်မြေလပ်များကို အကွက်ချ၍ အပိုင်းလိုက် အပတ်စဉ် စိုက်ပျိုးသွားမည်ဖြစ်ရာ ကျန်ရှိသော အပင်များကို သတ်မှတ်နေရာများ၌ ဇူလိုင်လအတွင်း ပြီးစီးအောင် ကွက်ပြည့် စိုက်ပျိုးသွားမည်ဖြစ်သည်။ (သတင်းစဉ်)



နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးအတွက် ၂၀၀၈ ခုနှစ် စတုတ္ထပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေကြစဉ်။ (သတင်းစဉ်)

ဒို့ကျောင်းဝန်းကျင် စိမ်းစိုလွင်

- သစ်ပင်စိုက်က အရိပ်ရ
  အေးမြကြည်လင် လန်းလန်းရွှင်
  သစ်လွင်စိုစိမ်း မြရည်လိမ်း
  စိမ်းတယ်လေ့ လိမ်းတယ်လေ့။
- ပန်းမျိုးစုံလင် စိုက်ပျိုးလျှင်
  ဝန်းကျင်လည်းမွှေး စိတ်ကြည်အေး
  မွှေးတယ်လေ့ အေးတယ်လေ့။
- စိုက်ပျိုးကြလေ သီးနှံတွေ
  ဝင်ငွေလည်းရ ဟင်းလည်းလှ
  ရတယ်လေ့ လှတယ်လေ့။
- ဒို့ကျောင်းဝန်းကျင် စိမ်းစိုလွင်
  အစဉ်ချမ်းအေး ရွှင်လန်းမွှေး
  အေးတယ်လေ့ မွှေးတယ်လေ့။
- ဒို့ကျောင်းဝန်းကျင် သန့်ရှင်းလျှင်
  အမြင်လည်းဆန်း စိတ်ကြည်လန်း
  ဆန်းတယ်လေ့ လန်းတယ်လေ့။

ရေနံ့သာ မောင်ကျော်ညွန့်

ငှက်ဖျားဆရာဝန်ကြီးနှင့်အဖွဲ့ ဘိုကလေးမြို့နယ်အတွင်း ကွင်းဆင်းကုသ

ရန်ကုန် ဇူလိုင် ၁၂

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှ ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာခင်သန်းဝင်း ခေါင်းဆောင်၍ အခြေခံကျန်းမာရေးဝန်ထမ်းများပါဝင်သော ကွင်းဆင်းကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့သည် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ထော်ပိုင်ကျေးရွာသို့ စက်လှေများဖြင့် သွားရောက်၍ ကျေးရွာအခြေခံပညာမူလတန်းကျောင်း ယာယီဆေးခန်း၌ ကျေးရွာရှိ လေဘေးသင့်ပြည်သူများအား သွေးဖောက်စစ်ဆေးခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်း၊ ကျေးရွာရှိ အသက်(၂)နှစ်မှ (၉)နှစ်အတွင်းရှိ ကလေးငယ်များအား ဘေလုံးစမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ပေးပြီး ကျန်းမာရေးမှူး ဦးဇော်လင်းကလည်း လာရောက်ပြသသော လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးကြသည်။

ထို့နောက် ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် စက်လှေဖြင့် ကြက်ဖြူချောင်းကုန်းတန်းကျေးရွာသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား တာရှည်ခံဆေးစိမ်ခြင်ထောင်များကို အခမဲ့ဖြန့်ဝေခြင်း၊ **(ယာပုံ)** သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အတည်ပြုချိန် ၃း၃၀

စားနပ်ရိက္ခာဈေးမြင့်မားမှုသည်
ဖွံ့ဖြိုးဆဲနိုင်ငံများကြောင့်မဟုတ်ဟု ဟူကျင်တောင်ပြောကြား

ဆက်ပိုရို (ဂျပန်) ဇူလိုင် ၁၁

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဝယ်လိုအားကြီးထွားလာမှုကြောင့် စားနပ်ရိက္ခာဈေးနှုန်းများမြင့်တက်လာခဲ့သည်ဟူသည့် စွပ်စွဲချက်များကို တရုတ်သမ္မတ ဟူကျင်တောင်က အင်္ဂါနေ့တွင် ပယ်ချလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပြောကြား

စားနပ်ရိက္ခာ ဈေးမြင့်တက်မှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲမွဲတေမှုလျှော့ပါးရေး ကြိုးပမ်းမှုများအတွက် အခက်အခဲတွေ့စေပြီး ဒေသဆိုင်ရာ တည်ငြိမ်မှုအပေါ် ထိခိုက်မှုရှိသည်ဟု ၎င်းက ဂျပန်နိုင်ငံမြောက်ပိုင်း ဆက်ပိုရိုမြို့ရှိ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

တိုက်တွန်း

ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်း နှစ်နိုင်ငံချင်း သို့မဟုတ် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုပြုလုပ်ရန် လိုအပ်သည်ဟု ဟူကျင်တောင်က တိုက်တွန်းသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဆက်လက်၍ ခေတ်နောက်ပြန် ဆွဲနေကြပါက ကမ္ဘာ့စီးပွားရေးကြီးထွားမှုအရှိန်ကို ထိန်းထားနိုင်မည်မဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

စားနပ်ရိက္ခာ ဖူလုံရေးအတွက် နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများက နိုင်ငံတကာဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပိုမိုဆွေးနွေးသင့်သည်ဟု တရုတ်သမ္မတက ဆော်ဩလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံ ပေကျင်းမြို့ အိုလံပစ် သစ်တောဥယျာဉ်အတွင်း ထုလုပ်ထားသော အိုလံပစ်အထိမ်းအမှတ် ရုပ်တုများကို ဇူလိုင် ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျာမန်ကုန်သင်္ဘောကို ပင်လယ်ဓားပြများ ပြန်လွှတ်ပေး

နိုင်ရိုဘီ ဇူလိုင် ၁၁

ဆိုမာလီယာကမ်းခြေအလွန်တွင် ဂျာမန်ကုန်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲကာ သင်္ဘောနှင့် သင်္ဘောသားများကို ၄၁ ရက်ကြာ ဖမ်းဆီးထားပြီးနောက် ပင်လယ်ဓားပြများက ပြန်လွှတ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာ ရေကြောင်းအရာရှိတစ်ဦးက ဇူလိုင် ၉ ရက်တွင် အတည်ပြုပြောကြားသည်။

အရှေ့အာဖရိက သင်္ဘောသားများအသင်းမှ အန်ဒရူးအမ်ဝန်ဂုရာက ပင်လယ်ဓားပြများသည် " အမ်ဗီလက်မန်တင်ဘာ"သင်္ဘောအတွက်ပြန်ပေးငွေ အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ အား လက်ခံပြီးနောက် ပြန်လွှတ်ပေးလိုက်ပြီဟု ဆိုသည်။ အဆိုပါသင်္ဘောသည် ပြန်လွှတ်ပေးပြီး နောက်တစ်ရက်တွင် ဆိပ်ကမ်းတစ်ခုသို့ ခုတ်မောင်းသွားကြောင်း ၎င်းက ထပ်မံပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

စပိန်သို့ တရားမဝင် ဝင်ရောက်သူ အာဖရိကနိုင်ငံသား ၁၄ ဦး အပူဒဏ်ကြောင့် ပင်လယ်ပြင်၌ သေဆုံး

မဒရစ် ဇူလိုင် ၁၁

မြောက်အာဖရိကမှ လှေဖြင့် စပိန်နိုင်ငံသို့ ဝင်ရောက်ရန် ကြိုးပမ်းစဉ် ပင်လယ်ပြင်၌ အပူဒဏ်ပြင်းထန်စွာ ခံစားရမှုကြောင့် ကလေးကိုးဦး အပါအဝင် တရားမဝင် ဝင်ရောက်သူ အာဖရိကတိုက်သား ၁၄ ဦး သေဆုံးကြောင်း စပိန်သတင်းဌာန အီးအက်ဖ်အီးက ဇူလိုင် ၁၀ ရက်တွင် ဖော်ပြသည်။

ပင်လယ်၌ငါးရက်ကြာခရီးနှင်ပြီးနောက် အသက်ရှင် ကျန်ရစ်သူ ၃၅ ဦးကို စပိန်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းမှ မိုင် ၄၀ ခန့်အကွာ၌ စပိန်ကမ်းခြေစောင့်တပ်ဖွဲ့က ကယ်တင်နိုင်ခဲ့သည်။

အသက် ကိုးလမှလေးနှစ်အကြားရှိ သေဆုံးသူကလေးများကို ပင်လယ်ထဲသို့ ပစ်ချခဲ့သည်ဟု အသက်ရှင်ကျန်ရစ်သူများက ကမ်းခြေစောင့်တပ်ဖွဲ့ကို ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီမြို့၌ လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပနေသည်ကို ဇူလိုင်၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာနှင့် အိန္ဒိယအစိုးရ
ရေနံရှာဖွေရေး သဘောတူစာချုပ်ချုပ်ဆို

ကိုလံဘို ဇူလိုင် ၁၁

သီရိလင်္ကာအစိုးရနှင့် အိန္ဒိယအစိုးရတို့အနေဖြင့် သမိုင်းကဏ္ဍသစ်ဖွင့်လှစ်မှုတစ်ခုအဖြစ် သီရိလင်္ကာမြောက်ပိုင်း မန်နာချိုင့်ဝှမ်းရေပြင်တွင် ရေနံရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းတို့အတွက် ရေနံအရင်းအမြစ်များဆိုင်ရာ သဘောတူစာချုပ်ကို ကိုလံဘိုမြို့၌ ချုပ်ဆိုခဲ့ကြကြောင်း နေ့စဉ်ထုတ်သတင်းစာများက ဇူလိုင် ၈ ရက်တွင် ရေးသားဖော်ပြသည်။

လက်မှတ်ရေးထိုး

အဆိုပါသဘောတူစာချုပ်ကို သီရိလင်္ကာနိုင်ငံကိုယ်စား ရေနံနှင့်ရေနံအရင်းအမြစ်များဆိုင်ရာဝန်ကြီး အေအိတ်ချ်အင်မ်ဖိုဝစ်ဇီနှင့် အိန္ဒိယနိုင်ငံမှခေရီယန် (ပီဗွီတီ) လီမိတက်ဥက္ကဋ္ဌ အင်ဒရာဂျစ်အင်န်နာရီဂျီတို့က လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

သဘောတူညီချက်အရ ခေရီယန်လီမိတက်အနေဖြင့် မန်နာချိုင့်ဝှမ်းတွင် အကွက်အမှတ် အက်စ်အယ်လ် ၂၀၀၇/၀၁/၀၀၁ ဖြင့် အကျယ် ၃၄၀၀ စတုရန်းမီတာနှင့် အနက်မီတာ ၂၀၀မှ မီတာ ၁၈၀၀ အကြား ရေနံထုတ်လုပ်ခြင်းကို ဇူလိုင် ၈ ရက်မှ စတင်ကာ ခြောက်လအတွင်း စတင်တူးဖော်ခွင့်ရရှိမည်ဖြစ်သည်။ သီရိလင်္ကာအစိုးရအနေဖြင့် ခိုင်ကြေးအဖြစ် ၁၀ ရာခိုင်နှုန်း လက်ခံရရှိမည်ဖြစ်သည်။ ရေနံတူးဖော်ခွင့်လိုင်စင်တွင် တရားဝင် ရှစ်နှစ်လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ချက်နိုင်ငံတွင် အမေရိကန်ရေဒါစခန်းထားရှိရေး စလိုဗက်ဝန်ကြီးချုပ် ပြင်းထန်စွာဆန့်ကျင်

ပရာဟာ ဇူလိုင် ၁၁

စလိုဗက်ဝန်ကြီးချုပ် ရောဘတ်ဖီကိုသည် ချက်သမ္မတနိုင်ငံအတွင်းတွင် ရေဒါစခန်းထားရှိရေးကို ပြင်းထန်စွာ ဆန့်ကျင်ကြောင်း ချက်သတင်းဌာန "စီတီကေ"က အင်္ဂါနေ့တွင် ဖော်ပြသည်။

ချက်ပြည်သူလူထုနှင့် ရုရှားနိုင်ငံတို့က ကန့်ကွက်နေသော်ငြားလည်း ချက်နယ်မြေပေါ်တွင် အမေရိကန်ရေဒါစခန်းတစ်ခုထားရှိရေး အဓိကစာချုပ်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်နှင့် ချက်နိုင်ငံခြားရေးဝန်ကြီး ကာရီးလ်ရှဝါဇင်ဘတ်ဂ်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

စလိုဗက်နိုင်ငံအနေဖြင့် ၎င်းတို့၏ နယ်မြေပေါ်တွင် ရေဒါစခန်းများ သော်လည်းကောင်း၊ ဒုံးကျည်များ သော်လည်းကောင်း ထားရှိရန် အလိုမရှိသောကြောင့် အဆိုပါလက်မှတ်ထိုးခြင်းကိစ္စအပေါ် တုန့်လှုပ်မှုအနည်းငယ်ရှိကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ ၎င်းအနေနှင့် စလိုဗက်ကီးယားနယ်မြေတွင် အလားတူစခန်းများထားရှိခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း ထပ်လောင်းပြောကြားသည်။

တစ်စုံတစ်ဦးသောသူက ကျွန်ုပ်တို့ထံတောင်းဆိုလာခဲ့လျှင် ကျွန်ုပ်တို့နယ်မြေပေါ်တွင် လက်မခံကြောင်း ရှင်းလင်းစွာ ပြောကြားမှာဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုမှ ဥရောပသို့ ဒုံးပျံကာကွယ်ရေးစနစ်ရွှေ့ပြောင်းလာခြင်းသည် မှန်ကန်သည်ဟု မည်သည့်အခါမျှ မစဉ်းစားကြောင်း ဝန်ကြီးချုပ်က ဆက်လက် ပြောကြားသည်။

၎င်းက အိမ်နီးနားချင်း ချက်သမ္မတနိုင်ငံတွင် အဆိုပါရေဒါစခန်းများ ချထားရေးအစီအစဉ်ကို အထက်ပါအတိုင်း ဝေဖန်ပြောကြားခဲ့သည်။ ***အန်အင်အေ၊ ဆင်ဟွာ။***

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တွင် စက်သုံးဆီရရှိရေးအတွက် စောင့်ဆိုင်းနေသော မော်တော်ယာဉ်တန်းကို ဇူလိုင်၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တူရကီ၌ ဂျာမန်ခရီးသွား သုံးဦး ပီကေကေ သူပုန်များ ပြန်ပေးဆွဲ

အစ္စတန်ဘူလ် ဇူလိုင် ၁၁

တူရကီနိုင်ငံ အရှေ့ဘက်တွင် တောင်တက်ခရီးသွားအဖွဲ့မှ ဂျာမန်သုံးဦးအား ကာဒစ်ပြောက်ကျားများက ပြန်ပေးဆွဲခဲ့ကြောင်း ဒေသအုပ်ချုပ်ရေးမှူးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကာဒစ္စတန် အလုပ်သမားပါတီ(ပီကေကေ) စစ်သွေးကြွများက အဂရီပြည်နယ်ရှိ တောင်တက်အသင်းအဖွဲ့ဝင် ၁၃ ဦးအနက် ကမ္ဘာလှည့်ခရီးသွား သုံးဦးအား ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း အုပ်ချုပ်ရေးမှူး မာမက်ဆီတင်က ပြောကြားသည်။

အီရန်နယ်နိမိတ်များနှင့် ထိစပ်နေသော အဂရီပြည်နယ်ရှိ အာရာရတ်တောင်သည် တောင်တက်သမားများအတွက် ရေပန်းစားသော နေရာတစ်ခု ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ သာသနာရေးက ကျန်းမာရေးကို အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၁၂

အားကစား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၀၈ ခုနှစ်ဒုတိယအကြိမ်နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း အမှတ်(၂)၌ ဆက်လက်ကျင်းပရာ (င)အုပ်စုမှ သာသနာရေးဝန်ကြီးဌာန ဘောလုံးအသင်းက ကျန်းမာရေးဝန်ကြီးဌာနဘောလုံးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

သာသနာရေးဝန်ကြီးဌာန 　　　　　　　　　　သုံးဂိုး။

တင်ထွန်းဦး	နှစ်ဂိုး
စိုးပိုင်သွေး	တစ်ဂိုး

ကျန်းမာရေးဝန်ကြီးဌာန 　　　　　　　　　　ဂိုးမရှိ။

(ဒိုင်လူကြီး)
ဦးခင်မောင်ထွေး(အဖွဲ့ချုပ်)

ပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေး၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် တက်ရောက်အားပေးချီးမြှင့်ကြသည်။

ဇူလိုင်၁၃ရက်တွင်ဘောလုံးပွဲမရှိဘဲ ဇူလိုင် ၁၄ရက်တွင် (စ) အုပ်စုမှ သတ္တုတွင်းဝန်ကြီးဌာနအသင်းနှင့်ရှေ့နေချုပ်ရုံးအသင်းတို့ နေပြည်တော်ဘောလုံးကွင်းတွင်ယှဉ်ပြိုင်ကစားကြပြီး ယင်းအုပ်စုမှလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၇)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၇-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဘာကြောင့်ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြသလဲ" တရားတော် (ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)
၈း၁၀ - ၂း၁၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)၊အတ္တကျော်]
၈း၅၅ - ၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀ - ၃း၀၀	မြန်မာနိုင်ငံဗိသုကာများအသင်းမှတီထွင်သော စိတ်ချလုံခြုံနေအိမ်ပုံစံဒီဇိုင်းသစ်များ
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	မိသားစုတနင်္ဂနွေ (ပါဒကြီးဘုရား)
၉း၅၀- ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနယ်လှည့်ကွင်းဆင်းလုပ်ငန်းများ
၁၀း၁၅ - ၄း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀ - ၄း၂၀	လုပချစ်စရာအိမ်တွင်းမှုပညာ
၁၀း၄၀ - ၄း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	သီးနှံစိုက်ပျိုးအထွက်တိုး "ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ"
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	သွားမယ် စားမယ် (365 Cafe)
၁၁း၂၅ - ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	အလင်းမိုင်တိုင်များ
၁၂း၁၅ - ၆း၁၅	Biz Net
၁၂း၃၀ - ၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅ - ၆း၃၅	သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

မအူကုန်းဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၂

တာမွေမြို့နယ်၊မအူကုန်းရပ်ကွက် ဓမ္မာရုံစောင့်ရှောက်ရေးအသင်းကကြီးမှူးကျင်းပသည့် (၁၈)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို(၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၇ရက် နံနက် ၉ နာရီတွင် အမှတ်(၄၃)၊ ၁၃၈လမ်းရှိ မအူကုန်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ တာမွေမြို့နယ် မင်္ဂလသုခ ပါဠိတက္ကသိုလ် ကျောင်းတိုက်မှ ပဓာနနာယက ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တဉာဏမဥ္ဇူ (အဂ္ဂမဟာ ပဏ္ဍိတ)၊ ဘဒ္ဒန္တနန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ) နှင့် ဘဒ္ဒန္တကုန္ဒက (မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ)ဆရာတော်များ အမှူးပြုသည့် ပင့်သံဃာတော် အရှင်သူမြတ်များအားဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (က-ပ)

သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၂

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ လစဉ်ကျင်းပမြဲဖြစ်သည့်အတိုင်း ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်ထိ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီအဓိဋ္ဌာန်ခုနစ်ရက်တရားစခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနနာယက ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့သမထ ဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇူလိုင်၁၉ရက် (စနေနေ့) ညနေ ၅နာရီအရောက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီးနေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ချင်းတွင်းမြစ်ရေ ပြန်လည်ကျဆင်းလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၂

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ၁၂နာရီခွဲအချိန်ထုတ်ပြန်ချက်အရ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ကျဆင်းလျက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာ အောက်သို့လည်းကောင်း၊ နောက်လေးရက်အတွင်း မော်လိုက်မြို့၏ စိုးရိမ်ရေမှတ်၁၂၃၀ စင်တီမီတာနှင့် ကလေးဝမြို့၏ စိုးရိမ်ရေမှတ်၁၅၅၀ စင်တီမီတာအောက်သို့လည်းကောင်း၊ နောက်ငါးရက်အတွင်းမုံရွာမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀စင်တီမီတာအောက်သို့ လည်းကောင်း ကျဆင်းသွားမည်ဟု ခန့်မှန်းရသည်။ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် တစ်နာရီလျှင်(၁)စင်တီမီတာနှုန်းခန့်မြင့်တက်နေပြီးနောက်၃၆နာရီအတွင်း ညောင်ဦးမြို့၏စိုးရိမ်ရေမှတ် ၂၁၂၀စင်တီမီတာသို့ရောက်ရှိနိုင်သည်။ သို့ရာတွင် စိုးရိမ်ရေမှတ်သို့ ရောက်ရုံသာရှိပြီး ပြန်လည်ကျဆင်းသွားမည်ဟု ခန့်မှန်းရသည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်တွင်၂၄စင်တီမီတာ ဝဒသမစပေရှိနေပြီး နောက်ငါးရက်အတွင်း စိုးရိမ်ရေမှတ်အထက်၌ ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

သိမ်ကျောင်းရေစက်ချပွဲ သိက္ခာထပ်ပွဲ၊ မွေးနေ့ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၂

ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်ပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ သာသနာပြုနယ်လှည့်ဓမ္မကထိကဆရာတော် အရှင်အာစာရလင်္ကာရအရှင်သူမြတ်၏ သက်တော်(၄၀)ပြည့် ဝိဇာတမင်္ဂလာ ပတ္တမြားရတုမွေးနေ့မင်္ဂလာပွဲ၊ ကျပ်သိန်းပေါင်း ၁၂၀၀တန် ကိုးဘွဲ့ရမဟာသိမ်တော်ကြီး ရေစက်ချပွဲ၊ ကိုးဘွဲ့ရဆရာတော်အားစုပေါင်းသိက္ခာထပ် အလှူတော်ပွဲနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲအခမ်းအနားကို ၁၃၇၀ပြည့်နှစ်၊ ဝါဆိုလပြည့်(ကြာသပတေးနေ့)ဇူလိုင် ၁၇ ရက် နံနက် ၈နာရီတွင် အဆိုပါကျောင်းတိုက်တည်ရှိရာ အမှတ်၄၂ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ ကျင်းပမည်ဖြစ်ရာအလှူရှင်များ၊တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညိုကြရန် ဖိတ်ကြားထားကြောင်းနှင့်ဝါဆိုသင်္ကန်း ဒွိစုံတစ်စုံလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ကျောင်းတိုက် ဖုန်း- ၇၀၈၄၀၃၊ ၀၉-၂၁၃၀၈၉၅၊ ၀၉-၅၀၅၅၁၇၆ နှင့် ၀၉-၅၀-၅၅၈၃၈တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။(က-ပ)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေDr.သိန်းအောင်(ခရိုင်ဆရာဝန်ကြီး-ငြိမ်း)(Township Coordinator, Muse Out Reach Project UNODC)- Dr.ခင်မြဝေ(လက်ထောက်ဆရာဝန်-ငြိမ်း)တို့၏သားကြီး

မောင်မြတ်လင်းအောင်

AGTI (EP) , B.Sc(Physics)
Advanced Diploma in Building Automation & Services(S'pore Polytechnic)
Asst; Engineer (Alpha Consultant;Pte Ltd, S'Pore)

နှင့်

ရန်ကုန်မြို့နေ ဦးအောင်ဖြိုး(အထက်တန်းကျောင်းအုပ်ဆရာကြီး-ငြိမ်း)- ဒေါ်မြင့်မြင့်အေး(ဆရာမ ထ-၂-ဗဟန်း-ငြိမ်း)တို့၏သမီးထွေး

မခိုင်ခိုင်ဖြိုး(ခ)ခိုင်ခိုင်ဝင်း

B.A(Eng) , B.E(Mechanical)
Coordinator (Eita Services; Pte Ltd, S'pore)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်များဖြင့် ၂၁-၆-၂၀၀၈နေ့တွင် Registry of Marriages S'pore တွင် လက်မှတ်ရေးထိုးပြီး Grand Plaza Park Hotel တွင် မင်္ဂလာဧည့်ခံပွဲကျင်းပပြီးစီးပါကြောင်း။

မောင်မြတ်လင်းအောင်-မခိုင်ခိုင်ဖြိုး(ခ)ခိုင်ခိုင်ဝင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းအမှတ် (၃၃)၊ မြေကွက်အမှတ် (၅၅)၊ ဧရိယာ ၀ဒသမ၄၁၂၈ကေ၊မြန်နန္ဒာလမ်း၊၁၃ရပ်ကွက်၊ အမှတ် ၃၁၁ရှိ ဦးမောင်ကလေး၊ ဒေါ်တီ အမည်ပေါက်မြေအား ဒေါ်ခင်မာလာဝင်းမှ တရားမကြီးမှုအမှတ် (၈၃၄/၂၀၀၅)မြေနှင့်အိမ်အပြီးအပိုင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုရန် အနိုင်ဒီကရီအရ မှတ်ပုံတင်မြေပုံကူးအမှုတွဲအမှတ် (၇က-ပုံ၁၁၈၆/ ၀၈) လျှောက်ထားခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခင်မာလာဝင်း
၁၂/ကမရ(နိုင်)၀၄၅၇၈၁

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ချစ်သမီးကြီး မစံစံထွန်းကျော်နှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သည့် ချစ်သားငယ် မောင်ပြေသာထွန်းကျော်တို့အား ပြုစုပျိုးထောင်ပေးခဲ့သည့် ချစ်ဇနီး ဒေါ်စန္ဒာစိန် (Stellar)အား အထူးပင် ကျေးဇူးတင်ဂုဏ်ယူပါသည်။

ချစ်ခင်ပွန်း-ဟာဂျီဦးချစ်ထွန်းကျော်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅-C1)၊ မြေကွက်အမှတ်(Southern½of III 25)၊ မြေဧရိယာအကျယ် ၂၅ပေ×၄၀ပေ အကျယ်အဝန်းရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၅၊ ၂၇လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နှစ်ထပ်တိုက် အဆောက်အအုံအပါအဝင် အဆောက်အအုံရှိ တိုက်ခန်း(၄)ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့/မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှရင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နေ့ နောက်ပိုင်းတွင် အရောင်း အဝယ် မှတ်ပုံတင်စာချုပ်ကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီနုစ်(တရားရုံးချုပ်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆/၁၇၈(ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
မဟာဗန္ဓုလလမ်းနှင့်အနော်ရထာလမ်းကြား၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၂၀၃၀၂၃၊ ၂၀၃၄၉၆

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်ရိပ်သာ၌ ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဝါတွင်းဥပုသ် တရားပွဲများကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ရေကူးဘူတာအနီးရှိ စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်ရိပ်သာ၌ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒာဝရအားအမှူးထား၍ တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) ဇူလိုင် ၂၇ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်ကြည်ညိုကြပါရန်နှင့် လှူဒါန်းလိုသူများသည် သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၃၀၀၀နှုန်းဖြင့် ဖုန်း- ၀၉ ၅၀၄၅၉၉၅၊ ၅၆၄၃၁၅၊ ၀၉ ၅၁၈၂၉၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဝါတွင်း ဥပုသ်နေ့များတွင် နံနက် ၉နာရီနှင့် မွန်းလွဲ ၂နာရီတို့၌ နိုင်ငံကျော် ဓမ္မကထိကများက တရားဒေသနာတော်များဟောကြား ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖက်ပင်အိုင်စာသင်တိုက် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဖက်ပင်အိုင်စာသင်တိုက်၌ ဝါဆိုတော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) အမှူးပြုသော စာချစာသင်သံဃာတော် အပါး ၁၂၀ တို့အား ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲကို ဝါဆိုလပြည့်နေ့ ဇူလိုင် ၁၇ ရက် ကြာသပတေးနေ့ နံနက် ၉နာရီတွင် ဖက်ပင်အိုင်စာသင်တိုက်၌ ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။(က-ပ)

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၅-၁၉၈၁) မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၅-၁၉၈၁) မြို့ပြအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို မေ ၃ ရက် (စနေနေ့) ညနေ ၅ နာရီတွင် မကျင်းပနိုင်ခဲ့၍ ဇူလိုင် ၂၆ ရက် (စနေနေ့) ညနေ ၅နာရီတွင် Dolphin Restaurant ၌ ပြန်လည်ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (က-ပ)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး(သင်္ဃန်းကျွန်း)တွင်ဇူလိုင် ၃ရက်က ၂၀၀၈-၂၀၀၉ ခုနှစ်၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းတစ်ဦးစီ၏မူလတာဝန်နှင့်ပူးပေါင်းဆောင်ရွက်ရမည့် တာဝန်များ ရှင်းလင်းဆွေးနွေးပွဲကျင်းပပြီး နာဂစ်မုန်တိုင်း တိုက်ခတ်ရာတွင်ဌာနပိုင်ပစ္စည်းများပျက်စီးမှုနည်းပါးအောင် ကာကွယ်စောင့်ရှောက်ခဲ့သူ ခရိုင်ရုံးမှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးစိန်လှိုင်(လူမှုထူးချွန်ပထမဆင့်) အား ခရိုင်ဦးစီးမှူး ဦးစိုးညွန့်က ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘောကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘောသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘောသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ဇူလိုင် ၁၂ ရက်က ဖွင့်လှစ်လိုက်သည့် မွန်ပြည်နယ်အတွက် ဆဋ္ဌမမြောက်နှင့် နိုင်ငံတော်၏ ၂၃၅ စင်းမြောက် တံတားကြီးဖြစ်သော စစ်တောင်းတံတား(မုပ္ပလင်)ကို တွေ့ရစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ရှေ့မှူ The Mirror

ယနေ့ ဆောင်းပါးအညွှန်း

လှိုင်ဘွား (ပါရမီ) ၏

"ဒီမိုကရေစီရေး စေ့စေ့တွေးမိသမျှ"

(ဆောင်းပါး) စာမျက်နှာ - ၆၇